# ဘဝဥယျာဉ်မှ ဘဝနီတိကဗျာများ

မောင်မွေးကြူ (တောင်ဇလပ်မြေ)



စာပေဝတ္ထု၊ ရတုကဗျာ
လက်ဘာပန်းမိုး၊ ရှာသွန်းပြီးလျှက်
အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်
စာပေဂုဏ်ကို မြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည် စွမ်းဆောင်တည်။

(နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်ကာလ
၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၆၀၀ ကျပ်
ထုတ်ဝေသူ
ဒုတိယဗိုလ်မှူးကြီး အုန်းမောင် (ငြိမ်း) (၀၃၇၉၄)
ပုံနှိပ်သူ
နိုင်ငံဂုဏ်ရည်ပုံနှိပ်တိုက် ၊ အမှတ် ၂၁၁၊ ၃၉ လမ်း ၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးနှင့်အတွင်းပန်းချီ
ကျော်ကျော်နှင့်ညီညီ

ဖြန့်ချိရေး
နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊
စာပေဗိမာန်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၉၂၇၆
၀၉ ၇၃၂၀၁၉၁၁

မောင်မွေးကြူ (တောင်ဇလပ်မြေ) ၈၀၈. ၈၁
ဘဝဥယျာဉ်မှ ဘဝနီတိကဗျာများ ရန်ကုန်။
နိုင်ငံဂုဏ်ရည်စာပေတိုက်၊ ၂၀၁၄။

# ဘဝဥယျာဉ် မှ

# ဘဝနိတိ ကဗျာများ

## မောင်မွေးကြူ (တောင်ဇလပ်မြေ)

နိုင်ငံ့ဂုဏ်ရည်စာစဉ် (၁၆၁)

# "စာပေတာဝန်"

* အို ...စာဆိုရှင်တို့

အမျိုးကိုခင် ...စာကိုမင်လို့၊

ကမ္ဘာတစ်ခွင်မှာ ..."သခင်" မျိုးမြန်မာရယ်လို့

စာပေ ဂုဏ်တင့် ...မျိုးဂုဏ်ဝင့်ခဲ့တယ်၊

* အို ...စာဆိုရှင်တို့

အမျိုးကိုဂင် ...စာကိုမင်လို့၊

စာပေကြောင်းရာ ...အက္ခရာကျောက်ထက်

ပေလွှာ ဇက်တွင် ...မှတ်ကျောက်တင်လို့

မှတ်သားလေ့လာနိုင်ခဲ့တယ် ၊

* အို ...စာဆိုရှင်တို့

အမျိုးကိုခင် ...စာကိုမင်လို့၊

မော်ကွန်းမှတ်ကျောက် ...ကမ္ပည်းကျောက်စာ

ပေလွှာဇက်ကို ...မပျက်မယွင်း

အချင်းမများ...ငြင်းမပွားအောင်

ထိန်းသိမ်းအောင်လို့ ...ဇာတိဂုဏ်ရောင် တောက်ခဲ့တယ်၊

* အို ...စာဆိုရှင်တို့

စာပေဂုဏ်တင့် ...မျိုးဂုဏ်မြင့်အောင်

ဆက်လက် ဆောင်လော့ ၊

စာဂုဏ်မြင့်မှ မျိုးဂုဏ်မြင့်မည် ၊



ယနေ့ဆီလျှင် ...၊
သမိုင်းတွင်ရစ် ...စာပေအမွေအနှစ်ကို
ဤတစ်ခေတ်မှ နောင်တစ်ခေတ်သို့
ခေတ်ဟောင်း ခေတ်သစ်၊ အဆင့်ဆင့်ကူးပြောင်း
“သမိုင်းကြောင်းဖြင့် အမွေကောင်းစာပေ လူ့မိတ်ဆွေကို
ပေးဝေတာဝန်ကျေကြစို့။ ။

*မောင်မွှေးကြူ(တောင်ဖလပ်မြေ)*



## စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

အဖ ဦးချစ်လှိုင် ၊ အမိ ဒေါ်လှတို့မှ ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ၊ တာမွေမြို့နယ်၊ ကျောက်မြောင်း ရပ်ကွက်၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးအေးကြူ ဖြစ်သည်။ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မြူနီစပါယ်ကျောင်းမှာစတင်၍ မူလတန်းပညာသင်ယူခဲ့သည်။

အ.လ.က (၂) ဗဟန်းမှ အလယ်တန်းပညာ အောင်မြင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် အ . ထ . က (၁) ရန်ကင်းမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဝိဇ္ဇာဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပထဝီဘာသာ အဓိက ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် စာပေးစာယူသင် တန်းဌာနတွင် ၁၉၇၆ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ လက်ထောက်စာစဉ် အုပ် ရာထူးဖြင့် အမှုထမ်းခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (ယခု ပြည်ထောင်စုရာထူးဝန်အဖွဲ့) မှ ကျင်းပသော စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီး ပြည်တွင်းအခွန် ဦးစီးဌာနတွင် အခွန်ဦးစီးမှူး ရာထူးခန့်အပ်ခြင်းခံရသည်။

ငယ်ရွယ်စဉ်မှစ၍ ကဗျာစာပေ၊ ဗဟုသုတစာပေ၊ ဘာသာရေး စာပေများ ဝါသနာပါခဲ့သည်။ လူသားအကျိုးပြု ကဗျာများကို ရေးသွေး ဂျာနယ်၊ လုံမလေးမဂ္ဂဇင်း၊ စန္ဒာမဂ္ဂဇင်း၊ မြို့နယ်ထုတ်မဂ္ဂဇင်း၊ တက္ကသိုလ်စိန်ရတုမဂ္ဂဇင်း-------------စသည့်ဂျာနယ်၊ မဂ္ဂဇင်းများတွင် "မောင်မွှေးကြူ (တောင်ဇလပ်မြေ) ကလောင်အမည် ဖြင့် ရေးသားခဲ့ပါသည်။

မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်များပြန့်ပွားရေးအတွက် "ဓမ္မဒါန အောင်စေရ" အမည်ဖြင့် ဓမ္မစာပေများရေးသားခဲ့ပြီး ဓမ္မ ဒါနပြုခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ပြည်တွင်းအခွန်ဦးစီးဌာန၊ မန္တလေးမြို့ချမ်းအေးသာဇံမြို့နယ်မှ ဦးစီးအရာရှိ ရာထူးဖြင့် သက် ပြည့် အငြိမ်းစားယူခဲ့ပါသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွှေသူဌေး ရပ်ကွက် ဆင်းရွှေဝါလမ်း အမှတ် (၃၇၄) တွင် မိသားစုနှင့် နေထိုင် လျက် တိုင်းကျိုးပြည်ပြု လူမှုအကျိုးပြု ကဗျာများ၊ စာပေများကို ရေးသားလျက်ရှိပါသည်။

## “ဘဝဥယျာဉ်မှ ဘဝနိတိကဗျာများ”

## “အဖွင့်အမှာစာ”

ကဗျာစာပေတွင် အဓိကအားဖြင့် စွမ်းအားနှစ်ရပ်ရှိ၏၊ ဖန်ဆင်းနိုင်မှုစွမ်းအားနှင့်ခံစားစေနိုင်မှုစွမ်းအားတို့ဖြစ်၏၊ ဖန်ဆင်းနိုင်မှုစွမ်းအားများကြောင့် ဂုဏ် အလင်္ကာမြောက်သောကဗျာများ ပေါ်ထွက်ခဲ့ရ၏၊ ခံစားစေနိုင်မှု စွမ်းအားများကြောင့် ရသ (၉) ပါး ဖြစ်ပေါ်စေခဲ့ပြီး၊ ရသများကို ခံစားရစေခြင်းဖြစ်၏၊ ကဗျာ၊ လင်္ကာ တစ်ပုဒ်ကို ရွတ်ဆိုကြည့်လျှင် ရေးဖွဲ့သူစာဆို၏ ကဗျာဉာဏ်အနိမ့် အမြင့်ကိုလိုက်၍ ဂုဏ်၊ ရသ၊ အလင်္ကာများ သိရှိခံစားစေမည်ဖြစ်၏၊ ဂုဏ်မြောက်သော၊ ရသမြောက်သော၊ အလင်္ကာမြောက်သော ရေးဖွဲ့မှုသည် ကဗျာကောင်းတစ်ပုဒ်ကိုဖြစ်စေ၏၊

ယခုမျက်မှောက်ခေတ်ကာလတွင် ကဗျာ လင်္ကာများရေးဖွဲ့ပြီး၊ ကဗျာစာပေဖြင့် အထွေထွေဗဟုသုတများ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရန် ရှောင်ရန်များ၊ လူ့ဘဝ လူ့စရိုက် လက္ခဏာများ၊ လူ့လောက သဘာဝအခြေအနေများ၊ ဒေသန္တရ ဘာသန္တရဆိုင်ရာ သိမှတ်စရာများ စသည်ဖြင့် အသိပညာများ ပေးဆပ်ခဲ့၏၊ အလွယ်တကူမှတ်သား သိရှိခံစားစေခဲ့၏၊ ဤတွင် ကဗျာစာပေမှ ဂုဏ်၊ ရသ၊ အလင်္ကာများ တွင်မက (ဗဟုသုတ) သုတအဖြာဖြာရရှိစေသော စွမ်းအားများကိုလည်း ပေးဆပ်ခဲ့ပြန်ပါ၏၊

ဤသည်မှာကဗျာစာပေ၏ ထူးခြားလေးနက်မှုများပင် ဖြစ်၏၊ သို့ဖြစ်၍ ကဗျာစာပေတွင် ဖန်ဆင်းနိုင်မှုစွမ်းအား၊ ခံစားစေနိုင်မှုစွမ်းအား ၊ ဗဟုသုတပေးနိုင်မှုစွမ်းအားများ တည်ရှိနေ၏၊ စာပေတွင် စွမ်းအား များရှိနေကြောင်း သာဓကများ ပင်ဖြစ်ချေ ၏၊

. ကဗျာစာပေမှ ကဗျာ့ပယောဇဉ်ခေါ်ကဗျာ၏အကျိုးကျေးဇူး တရား (၆) ပါးကိုလည်း ခံစားရရှိစေခဲ့ပြန်ပါ၏၊ စာရေးဖွဲ့သူ စာဆိုရှင်နှင့် စာဖတ်သူပရိသတ်များအတွက်ဖြစ်၏၊ ကဗျာစာပေ ၏ အကျိုးကျေးဇူးများမှာ -

(၁) ကျော်စောစေမှု (၂) စီးပွားဥစ္စာရရှိစေမှု (၃) ဗဟုသုတ ဖြစ်စေမှု (၄)ဘေးအန္တရယ်ကင်းစေမှု (၅)ရသခံစားစေမှု. (၆)စည်းကမ်းဥပဒေသပေးမှုတို့ဖြစ်ပေ၏၊

ဤကဗျာအကျိုးကျေးဇူးတရား (၆)ပါးအနက် (၁)ကျော် စောခြင်း (၂)စီးပွားဥစ္စာရရှိခြင်း (၃)ဘေးအန္တရာယ်ကင်းစေခြင်း ဟူသောအကျိုးတရား(၃)ပါးသည် စာရေးဖွဲ့သူ စာဆိုရှင်နှင့် သက်ဆိုင်အကျိုးဝင်ပေ၏၊ ကျန်အကျိုးတရား (၃)ပါး ဖြစ်သည့် ဗဟုသုတရရှိခြင်း၊ ရသခံစားရရှိခြင်း ၊ လိုက်နာသင့်သည် များကို လိုက်နာ၍ ရှောင်ကြဉ်သင့်သည်များကို ရှောင်ကြဉ်ခြင်း။ (စည်းကမ်း ဥပဒေသပေးခြင်း) အကျိုးတရားများသည် စာဖတ်ပရိသတ်များအား ရရှိခံစားစေ၏၊ ကဗျာစာပေ၏ အကျိုးကျေးဇူးတရားများကား လူ့ဘဝ၊ လူ့လောကကြီးအတွက် အလင်းတတ်၊ အလင်းရောင်၊ အလင်းတန်းများဖြစ်စေခဲ့သဖြင့် ထာဝရမှိန်ရို အားထား ရာ -

"ဘဝရှေ့ဆောင် မီးရှူးတန်ဆောင်းကြီးပမာ" ဖြစ်ပေ၏။

ကျွန်ုပ်သည် ကဗျာစာပေကို ချစ်မြတ်နိုးသော စာဖတ်ပရိသတ်ကြီးသို့ အချိန်တိုတိုဖြင့် ထိရောက်သော အသိပညာများပေးဆပ်လိုသော ဆန္ဒဖြစ်ပေါ်ခဲ့၏။ လူ့ဘဝ၊ လူ့လောက၊ လူ့သဘာဝ၊ လူ့ပတ်ဝန်းကျင်များမှ ဖြစ်ရိုးဖြစ်စဉ်များကို လူသားတို့သတိမူမိစေရန် စည်းကမ်းလိုက်နာတတ်ရန် ထူးခြားလေးနက်သော ရသများခံစားရရှိစေရန် ရည်ရွယ်၍ "ယခု ဘဝဥယျာဉ်မှ ဘဝနီတိကဗျာများ" ကို ရေးစပ်ဖွဲ့ဆိုလိုက်ရပေ၏။ ကဗျာရသကို အလွယ်တကူရွတ်ဆိုဖတ်ရှု ခံစားနိုင်စေရန်အတွက် ကဗျာလင်္ကာ "ပါဒ" ကဗျာပုံစံ ၊ အချိုးကဗျာပုံစံ (ဒွေးချိုး၊ ကြိုးချိုး၊ လေးချိုး) များဖြင့်လည်းကောင်း ရေးဖွဲ့ထားပါ၏။

"ဘဝဥယျာဉ်" ဟူသည် ဘဝရှိသော သတ္တဝါ ဝေနေယျအားလုံးနှင့်သက်ဆိုင် အကျုံးဝင်၏။ မှီခိုအားထားရာ နေရာလည်းဖြစ်၏။ ပြုစုပျိုးထောင်ရာ နေရာလည်းဖြစ်၏။ လူ့ဘဝ၊ အပင်ဘဝ၊ တိရစ္ဆာန်ဘဝများကို ရှင်သန်ကြီးပွားစေခဲ့၏။ ဘဝနှင့်ဆက်နွှယ်၍ ဖြစ်ပေါ်ခဲ့သော လူ့လောက၊ တိရစ္ဆာန်လောက၊ အပင်လောက "လောက (၃) ပါး" ကောင်းကျိုးအတွက် ကျွန်ုပ်တို့ လူသားအားလုံးမှ တာဝန်သိသိ အသိတရားရှိရှိ ကာကွယ်စောင့်ရှောက်ကြရမည်မှာ ကျွန်ုပ်တို့ "ကမ္ဘာ့လူသားအားလုံး၏ မွေးရာပါတာဝန်" ဖြစ်ကြောင်း ဖော်ညွှန်းထား၏။

ကျွန်ုပ်တို့ထာဝရတည်မှီနေသော၊ မှီခိုအားထားနေရသော အပင်လောက၊ တိရစ္ဆာန်လောက နှင့် လူ့လောက အသိုက်အဝန်းကြီး

မပျက်စီးရအောင် ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ စောင့်ရှောက်ခြင်း၊ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်ကြရန် နိုးဆော်လျက် အသိပညာပေးထား၏။

ဤကမ္ဘာလောကကြီးတွင် လူသားအားလုံး၊ လူသားချင်း တနာစိတ်၊ ထောက်ထားစိတ်များဖြင့် ချစ်ချစ်ခင်ခင်အတူတကွ နေထိုင်များကြရပေမည်၊ "အမုန်းတရား"သည် လူ့လောကသား အားလုံး၏ ရန်သူဖြစ်၏၊ "ချစ်ခြင်းတရား" သည် လူ့လောကသား အားလုံးအတွက် ထာဝရမိတ်ဆွေကောင်းဖြစ်၏၊

ချစ်ခြင်းမေတ္တာတရားကို လူသားတိုင်းကိန်းအောင်းမွေးမြူ ပေ၏၊ သို့မှသာချစ်စရာကောင်းသော ကမ္ဘာ့မိသားစုကြီးဖြစ်လာ စေပါမည်၊

ဘဝအသိရှိသော လူသားအားလုံးအတွက်လည်းကောင်း၊ လူ့လောကကြီးအတွက် လည်းကောင်း၊ ကမ္ဘာ့ပတ်ဝန်းကျင် ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်းကောင်း၊ ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်းပေါ်ပေါက်ရေးအတွက်လည်းကောင်း၊ ကျွန်ုပ် ရေးဖွဲ့သော -

"ဘဝဥယျာဉ်မှ ဘဝနီတိကဗျာများ" ထာဝရကောင်းကျိုး မင်္ဂလာအဖြာဖြာပေးဆပ်နိုင်ပါစေကြောင်း စေတနာဆန္ဒများစွာ ဖြင့် ရေးသားထုတ်ဝေလိုက်ရပေ၏။ ။

ဂါရဝ၊ နိဝါတဖြင့်

မောင်မွေးကြူ (တောင်ဇလပ်မြေ)

## လောကီ

## ဂုဏ်နှစ်ဖြာ

(၁)

* လူ့ဘုံဘဝ၊ ကြုံဆုံရခိုက်
ရင်မှနှစ်ခြိုက် ၊ မြတ်နိုးထိုက်သည့်
အမြိုက်ရတနာ ၊ အဖြာဖြာတွင်
သေရာသဘော ၊ ပြန်စောကြောသော်
လောကီလောကုတ် ၊ ရတနာထုပ်ကို
အဟုတ်ဆည်းပူး ၊ ပူဇော်ထူးဖြင့်
ကြည်နူးသဒ္ဓါ တိုးစေမင်း၊

(၂)

* ဘုရား တရား သံဃာ၊ လောကုတ္တရာ၏
သေရာ အမြတ်ဆုံး၊ မှတ်လေအုံး (ဦး) လော့
ရတနာသုံးလီ ၊ သရဏဂုံတည်၍
ယုံကြည်မြတ်နိုး ၊ ဦးညွတ်ကျိုးကာ
ရှိခိုးသဒ္ဓါ ပွားစေမင်း၊

(၃)

* "ပညာ" "ဥစ္စာ"
သေရာပေသည် ၊ လောကီရတနာ
မိုနိုရာတည့်
လိုတာမရှိ "တတ်သိပြည့်စုံဥစ္စာဂုဏ်"
ပူရာမရှိ "ချမ်းသာပြည့်စုံဥစ္စာဂုဏ်"
"ပညာဥစ္စာ" ဂုဏ်နှစ်ဖြာကို
ကောင်းစွာပွားတိုး အောင်စေမင်း၊ ၊

## "ဘဝဥယျာဉ်မှ ဘဝနိတိကဗျာများ"

### မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရွှေတိဂုံစေတီတော်ကို ဖူးမြော်ခြင်း | ၂၀ |
| ၂။ | ဘဝဗေဒ | ၂၁ |
| ၃။ | စွမ်း | ၂၂ |
| ၄။ | အသိမိုက်ကန်းသူ | ၂၃ |
| ၅။ | လူ့ဘဝ | ၂၄ |
| ၆။ | လူ့ခဲနှာ | ၂၅ |
| ၇။ | သံသရာဘုံ | ၂၆ |
| ၈။ | ဘဝလမ်း | ၂၇ |
| ၉။ | ဘဝသဘော | ၂၈ |
| ၁၀။ | မျှော်လင့်ချက် | ၂၉ |
| ၁၁။ | ခဏဆိုတာ | ၃၀ |
| ၁၂။ | ဒို့နိုင်ငံတော် မျိုးချစ်မြန်မာ | ၃၁ |
| ၁၃။ | ထာဝရမွေးရန့်ထုံတဲ့ "အာဇာနည်တို့ရဲ့ဂုဏ်" | ၃၂ |
| ၁၄။ | မြန်မာလူမျိုး "ဦးသန့်" | ၃၃ |
| ၁၅။ | ခြေတစ်လှမ်း စစ်စခန်း | ၃၄ |
| ၁၆။ | ရာသက်ပန် | ၃၅ |
| ၁၇။ | ကြောက်လှပါပြီ | ၃၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၊ | သည်းခံစိတ်မွေးကြပါ | ၃၇ |
| ၁၉၊ | စစ်ပွဲ | ၃၈ |
| ၂၀၊ | အမှန်မြင်နိုင်ကြပါစေ | ၃၉ |
| ၂၁၊ | ထာဝရငြိမ်းချမ်းရေး | ၄၀ |
| ၂၂၊ | လူထုဆန္ဒ | ၄၁ |
| ၂၃၊ | သတိထားဘွယ် လက်နက်အန္တရာယ် | ၄၂ |
| ၂၄၊ | ကမ္ဘာဖျက်မည့် အဏုမြူလက်နက် | ၄၃ |
| ၂၅၊ | လက်နက်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး | ၄၅ |
| ၂၆၊ | အကြမ်းဖက်လူသားအန္တရာယ် သတိထားကာကွယ် | ၄၇ |
| ၂၇၊ | မျိုးငှက်သံတွေ ကမ္ဘာလွှမ်းပါစေ | ၄၉ |
| ၂၈၊ | ပွင့်သောပန်းတိုင်းမွှေးပါစေ | ၅၀ |
| ၂၉၊ | ငါတို့စာသင်ခန်း | ၅၁ |
| ၃၀၊ | မျိုးစင်း | ၅၂ |
| ၃၁၊ | အသီးစားလိုလျှင် | ၅၃ |
| ၃၂၊ | ဘဝနိဒါန်း | ၅၄ |
| ၃၃၊ | ဘဝအောင်ပွဲဆီသို့ | ၅၅ |
| ၃၄၊ | ရှင်သန်ခြင်းဟူသည် | ၅၆ |
| ၃၅၊ | ပေထုံး | ၅၇ |
| ၃၆၊ | ပညတ်ခံရခြင်း | ၅၈ |
| ၃၇၊ | ဝေးလံဒေသ | ၅၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၃၈၊ | သံမဏိဖက် | ၆၀ |
| ၃၉၊ | ပြန်လည်ရှင်သန် သဘာဝအားမာန် | ၆၁ |
| ၄၀၊ | ကြွေချိန်တန် | ၆၂ |
| ၄၁၊ | ဘဝဗေဒါ | ၆၃ |
| ၄၂၊ | မိုးခေါ်သံ | ၆၄ |
| ၄၃၊ | ကုန်သည်ကြီးရဲ့ ညည်းသံ | ၆၅ |
| ၄၄၊ | အုံ့ချီးဘွယ် စေတနာရှင် | ၆၆ |
| ၄၅၊ | ဘဝဆိုတာ ခြားနားခြင်း | ၆၇ |
| ၄၆၊ | ဆင်းရဲခြင်းကို အောင်နိုင်လိုပါက | ၆၈ |
| ၄၇၊ | သား "လေး" သား | ၇၀ |
| ၄၈၊ | မိတ်ဆွေတု | ၇၁ |
| ၄၉၊ | ချင် "ခုနစ်ပါး" | ၇၂ |
| ၅၀၊ | မိတ်ဆွေစစ် | ၇၃ |
| ၅၁၊ | ညစ်ညမ်းမှုလျော့ပါးရေး<br>လူတိုင်းပါဝင်ကူညီဆောင်ရွက်ပေး | ၇၄ |
| ၅၂၊ | သဘာဝရတနာ ထိန်းသိမ်းကာကွယ်ပါ | ၇၅ |
| ၅၃၊ | မြေ ရေ လေ မီးနှင့်လူသား | ၇၇ |
| ၅၄၊ | ကျန်းမာရေးသုခ | ၈၀ |
| ၅၅၊ | အမျိုးသားယဉ်ကျေးမှု အဓွန့်ရှည်တည်တံ့ရေး | ၈၁ |
| ၅၆၊ | အဆုံးမရှိသော "အစများ" | ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၅၇၊ | လူ့ဘဝဆိုတာ "ရေပွက်ပမာ" | ၈၃ |
| ၅၈၊ | ကြွေရိုန်တန်လျှင် ကြွေမှာပဲ | ၈၅ |
| ၅၉၊ | သဘာဝတရားနှင့် ငါ | ၈၆ |
| ၆၀၊ | အစိုးမရ လူ့ဘဝ | ၈၈ |
| ၆၁၊ | အမှောင်ခွင်း၍ အလင်းဆောင်နိုင်ပါစေ | ၈၉ |
| ၆၂၊ | အဆိပ်လူးသောဆေး | ၉၀ |
| ၆၃၊ | ပန်းဘဝ | ၉၄ |
| ၆၄၊ | ပန်းစေတနာ | ၉၅ |
| ၆၅၊ | ပန်းဆန္ဒ | ၉၆ |
| ၆၆၊ | တော်ဝင်တဲ့ပန်းသဇင် | ၉၈ |
| ၆၇၊ | ဂုဏ်ပကာသနဟူသည် | ၉၉ |
| ၆၈၊ | ဗိုးရှေလမင်း | ၁၀၁ |
| ၆၉၊ | ဝ "ဝလေး" ဝိုင်းဝိုင်းရေး | ၁၀၂ |
| ၇၀၊ | စည်းကမ်းရှိကြပါစေ | ၁၀၃ |
| ၇၁၊ | ကြိုတင်ကာကွယ်အန္တရာယ် | ၁၀၄ |
| ၇၂၊ | မြန်မာ့စပါးကျီ ရောဝတီ | ၁၀၅ |
| ၇၃၊ | အဖေ့မှာတမ်း | ၁၀၆ |
| ၇၄၊ | ရင်ဆိုင်ကျော်လွှား အခက်အခဲများ | ၁၀၈ |
| ၇၅၊ | မိခင်အိုရဲ့တမ်းတခြင်း | ၁၀၉ |
| ၇၆၊ | မအိုသေးသော ဒို့စာသင်ကျောင်း | ၁၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| ၇၇၊ | ဗဟုသုတရှာကြစို့ | ၁၁၁ |
|---|---|---|
| ၇၈၊ | စာကြည့်တိုက်သို့ လာခဲ့ပါ | ၁၁၂ |
| ၇၉၊ | "အ" သုံးလုံး လုပ်အားရှင်များသို့ | ၁၁၃ |
| ၈၀၊ | ငွေအန္တရာယ် သတိထားဘွယ် | ၁၁၄ |
| ၈၁၊ | "သတိ" စက်ခေါင်းတွဲ | ၁၁၅ |
| ၈၂၊ | ဇာတိသွေး ပြကြမယ် | ၁၁၆ |
| ၈၃၊ | မြန်မာ့ဂုဏ်ဆောင် အားကစားမောင်မယ်များသို့ | ၁၁၇ |
| ၈၄၊ | ကမ္ဘာ့လှည့်ခရီးသည်နှင့် စတုဒီသာမြန်မာ့အလှူပွဲ | ၁၁၈ |
| ၈၅၊ | စွယ်စုံစာကြည့်တိုက် | ၁၁၉ |
| ၈၆၊ | ဒို့ကျေးရွာ | ၁၂၀ |
| ၈၇၊ | ဒို့ကျေးရွာသန့်ရှင်းရေး စုပေါင်းလုပ်အားပေး | ၁၂၁ |
| ၈၈၊ | စီးပွားဂုဏ်ဖြာ စက်မှုလယ်ယာ | ၁၂၂ |
| ၈၉၊ | ဖွံ့ဖြိုးသာယာ ဒို့ကျေးရွာ | ၁၂၃ |
| ၉၀၊ | ဒို့ရွာက "လူကြီး" | ၁၂၄ |
| ၉၁၊ | ဝမ်းစာ | ၁၂၅ |
| ၉၂၊ | ဟန် နှင့် မာန် | ၁၂၆ |
| ၉၃၊ | လမ်းတွေဖောက်ကြစို့ တံတားတွေဆောက်ကြစို့ | ၁၂၇ |
| ၉၄၊ | ပိတောက်ပွင့်ချိန် | ၁၂၈ |
| ၉၅၊ | မြို့ဈေးသို့တစ်ခေါက် | ၁၂၉ |
| ၉၆၊ | ခါးတမာသို့ ချီပါမလား | ၁၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၇၊ | ဇာတိဂုဏ်ရောင် မြန်မာ့ဂုဏ်ဆောင် "မြနန်းစံကျော် ရွှေနန်းတော်" | ၁၃၁ |
| ၉၈၊ | တိုင်းကျိုးပြည်ကျိုး အမြဲသယ်ပိုးနေသော "မြန်မာ့တပ်မတော်" | ၁၃၅ |
| ၉၉၊ | ကွာဟခြင်းမှ ညီမျှခြင်းဆီသို့ | ၁၄၄ |
| ၁၀၀၊ | "ခက်တယ်" | ၁၄၅ |
| ၁၀၁၊ | နှိုးဆော်လိုက်ပါသည် | ၁၄၇ |
| ၁၀၂၊ | အမြတ်ဆုံးဘဝ | ၁၄၈ |
| ၁၀၃၊ | အရှည်ဆုံးခရီး | ၁၄၉ |
| ၁၀၄၊ | အပူဆုံးမီး | ၁၅၀ |
| ၁၀၅၊ | မျှော်လင့်ချက်ပြည့်ဝခြင်း | ၁၅၁ |
| ၁၀၆၊ | လွန်းပျံ | ၁၅၂ |
| ၁၀၇၊ | ရေဂုဏ်ရည် | ၁၅၃ |
| ၁၀၈၊ | ညီညွတ်သောအာစီယံ စည်းလုံးသောအာဆီယံ | ၁၅၄ |
| ၁၀၉၊ | စေတနာရှင်ကမ္ဘာကြီး | ၁၅၅ |
| ၁၁၀၊ | ထန်းရည်အိုး | ၁၅၆ |
| ၁၁၁၊ | နားခိုခဏ "လူ့ဘဝ" | ၁၅၇ |
| ၁၁၂၊ | စွဲမှတ်ပါ ငယ်ကျွမ်းဆွေ | ၁၅၈ |
| ၁၁၃၊ | "နေ" လိုစိတ် "လ" လိုစိတ် အမြဲပွားများနိုင်ကြပါစေ | ၁၅၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၁၄၊ | နိုင်ငံသားတိုင်း ပါဝင်ဆောင် ပြည်မြန်မာအကျိုးအတွက် | ၁၆၀ |
| ၁၁၅၊ | လူထုအားတွေ အများကြီးလိုသည် | ၁၆၁ |
| ၁၁၆၊ | မျိုးမပျက်ဖို့ ဒို့များတားဆီးကြစို့ | ၁၆၃ |
| ၁၁၇၊ | ဆန်းသစ်စိတ် | ၁၆၄ |
| ၁၁၈၊ | ဆုမမက်နဲ့ အမျိုးဂုဏ်ကိုမက် | ၁၆၅ |
| ၁၁၉၊ | ဘိုးဘွားအမွေ ထိန်းသိမ်းတတ်ပါစေ | ၁၆၆ |
| ၁၂၀၊ | ဆည်းပူးလေ့လာ နည်းပညာ | ၁၆၈ |
| ၁၂၁၊ | "တစ်မိုး" ကို သူမျှော် | ၁၇၀ |
| ၁၂၂၊ | စေတနာရှင် မျက်စိအထူးကုဆရာဝန်ကြီးများသို့ | ၁၇၁ |
| ၁၂၃၊ | ဒို့နိုင်ငံတော် | ၁၇၃ |
| ၁၂၄၊ | ဒို့နိုင်ငံလွတ်လပ်ရေးကြီးကို | ၁၇၄ |
| ၁၂၅၊ | အမြကာကွယ်စောင့်ရှောက်ကြ | |
| ၁၂၆၊ | ဒို့မြုံတွင်းကသရက်ပင်ကြီး | ၁၇၅ |
| ၁၂၇၊ | နိုင်ငံဂုဏ်ဆောင် မြန်မာအားကစားအဖွဲ့သို့ | ၁၇၆ |
| ၁၂၈၊ | ဖွံ့ဖြိုးသာယာသောနိုင်ငံဆီသို့ | ၁၇၇ |
| ၁၂၉၊ | လူသားအပေါင်းတို့ | ၁၇၈ |
| ၁၃၀၊ | မိသားစုစိတ်ဓါတ် | ၁၇၉ |
| ၁၃၁၊ | အလုပ်ဘယ်မှာရှားလို့လဲ | ၁၈၀ |
| ၁၃၂၊ | အမြဲအစဉ် သတိရှိကြပါ | ၁၈၁ |



## "ရွှေတိဂုံ စေတီတော်" ကို ဖူးမြော်ခြင်း

* ထူးမြတ်တဲ့ "ရွှေစေတီ"
"ရွှေတိဂုံ" ဘွဲ့တော်မည်၊
ပြည်မြန်မာမှာ တည်ကာထား
ကမ္ဘာ့အံ့ဘွယ်တစ်ပါး၊

* ရွှေညက်တော်က "သုံးရာ့နှစ်ဆယ့်လေး" ပေ
အမြင့်ဆောင်လို့ ထူးတင့်ဝေ
ရွှေတောင်ကြီးပမာအထင်အရှား
ပူဇော်ရပေသား၊

* အံ့ရှီးဘွယ်များ စုံစုံညီ
"လေးဆူဓာတ်" မြတ်စေတီ၊
ကန်တော့လိုက်ပါသည် အရှင်ဘုရား
"တပည့်" လူ - နတ် - ဗြဟ္မာအများ၊ ၊



" ဘဝဗေဒ "

* ဘဝအသိ

ငယ်ကရှိမှ၊

ဘဝအကြောင်း. . .

ကောင်းလိမ့်မည်၊ ၊



" ခွမ်း "

* ကိုယ်စွမ်း ဉာဏ်စွမ်း
အစွမ်းထက်စေ၊ "ပန်းခက်ဝေသို့"
မနေမနား၊ "ဖွဲ့" "လုံ့လ" အားဖြင့်
အားစိုက်ရှက်ဆောင် ၊ ဘဝပန်းတိုင်ရောက်အောင်
အမြဲလျှောက်လှမ်း အောင်ပန်းဆင်နိုင်ကြပါစေ။ ။



“ အသိမှိုက်ကန်းသူ ”

* ဖလံမီးတိုး
ထိုလူမျိုးကို
“ရဲရင့်သူ” ဟု ဆိုမည်လော ။ ။



"လူ့ဘဝ"

* လူ့ဘဝရယ်လို့ခေါ်
ပျော်စရာ ဘာမျှမတွေ့၊
"အချိန်တန်ရင် -
အိမ်ပြန်ရတယ်"
ဘဝသံသရာ တစ်ကွေ့ ။ ။



"လှူခန္ဓာ"

* လူ့ရယ်လို့အမည်ခေါ်
တည်မြဲတာ ဘာမျှမရှိ၊
အရိုးပေါ် အရေဖုံးလို့
"အပုပ်ကောင် - ရုပ်ဆောင်ပြတာ မြင်သိတော့
ရွံရှာဘွယ်လိလိ ။ ။




"သံသရာဘုံ"

* ဘဝလည်း ကြွေ

ကံလည်း ကြွေတော့

ဘယ်နေရာမှာ

ပြန်လာဆုံကြမှာလဲ။ ။



"ဘဝလမ်း"

* လမ်းဖြောင့်ကိုရှာ
လမ်းကောက်နဲ့တွေ့၊
လမ်းကောက်ကို ရင်ဆိုင်ခဲ့ခါမှ
လမ်းဖြောင့်ရှာတွေ့ ။ ။



## "ဘဝသဘော"

* သုခကိုရှာ
ဒုက္ခသာရင်ဆိုင်တွေ့၊
ဒုက္ခကို ကျော်ကာလွှားမှ
သုခအားတွေ့ ။ ။

## "မျှော်လင့်ချက်"

* ယနေ့တော့ "ငါ့" အတွက်
အခွင့်ရေး မကြုံသာ
မရရှာဘိသေး ၊
တစ်နေ့တော့. . . "ငါ့အတွက်
အခွင့်ရေး ကြုံလာတော့
ရမှာပေါ့လေ။ ၊



## "ခဏ" ဆိုတာ

* "တစ်နာရီ" ဆိုလည်း. . ."ခဏ" လေးပဲ
"တစ်ရက်" ဆိုလည်း. . ."ခဏ" လေးပဲ
"တစ်လ" ဆိုလည်း. . ."ခဏ" လေးပဲ
"တစ်နှစ်" ဆိုလည်း. . ."ခဏ" လေးပဲ
"ခဏ" ဆိုတာ . . .၊
ကြာရှည်မတည် "ခဏ" မည်၏၊
"ခဏ" ကာလ ဤလူ့ဘဝဝယ်
ဒို့မယ်. . .၊
ယနေ့. . .လူဖြစ်ခဲ့ရချေတော့တယ်။ ။



“မျိုးချစ်မြန်မာ”

* “မြန်မာ” ရယ်လို့ အမည်ခေါ်
ကမ္ဘာပေါ်က လူတစ်မျိုး၊
“အမျိုးထိရင်” ခေါင်းငုံ့မခံတတ်တဲ့
“အနိုင်မခံ” တော်လှန်ပစ်မည့်လူမျိုး ။ ။



## ထာဝရ မွှေးရနံ့ထုံတဲ့ "အာဇာနည်တို့ရဲ့ ဂုဏ်"

* မြန်မာ့သမိုင်းကို သက်သေတည်

"သွေးညီနံ့ "ရနံ့မကင်း ၊

မျိုးချစ် အာဇာနည်တို့ . . ၏

ဘာမတီ အသက်ပေးခဲ့တော့

မွှေးရနံ့ထုံသင်း။ ၊



တစ်ချိန်က . . .

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်

မြန်မာလူမျိုး "ဦးသန့်"

* "ဦးသန့်" လို့ အမည်ခေါ်

ကမ္ဘာပေါ်က "မြန်မာ့ကြယ်တစ်ပွင့်" ၊

မျိုးမြန်မာဂုဏ်ရောင် . . .၊

ကမ္ဘာကိုအလင်းဆောင်ပြခဲ့တဲ့

မြန်မာ့ဂုဏ်တင့်၊ ၊



"ခြေတစ်လှမ်း စစ်စခန်း"

ဒို့ကမ္ဘာကြီးကိုကျော် . . ။
* မော်ကြွားကာလှမ်းခဲ့တဲ့ "ခြေတစ်လှမ်း"၊
နောက်ဆုတ်မလိုလို့နဲ့
ရှေ့ကိုသာ လှမ်းရှိလျှောက်တော့
ဝမ်းမြောက်ရွှင်လန်း။ ။



"ရာသက်ပန်"

* ပြုံးနေကြပါလား
　　　မမုန်းကြတော့ဘူး
ခရီးဆုံးအောင် လက်တွဲမလို့ ။ ။

## “ကြောက်လှပါပြီ”

* ပွဲဂုားကြအုံးမလား
ဘာပွဲတဲ့လဲ . . .
စစ်ပွဲတဲ့ဆိုလား
“စစ်ပွဲ” ဆိုကြောက်လှပါပြီ “တော်”။ ။



" သည်းခံစိတ်မွေးကြပါ "

* သည်းခံတတ်မှ
မြတ်သည်ထက် မြတ်
ကင်းပြတ်ရန်ဘေး အေးငြိမ်းမည်။ ။




"စစ်ပွဲ"

* ဆိုင်းမပါ ဗုံမပါ အကမပါ
စစ်မြေတလင်းမှာ . . ။
လူ လူချင်း သတ်နေလိုက်ကြတာ
"မှတ်ပါရော" "စစ်ပွဲ" လို့
ဘယ်သူစွဲခေါ်ခဲ့လေသနည်း၊ ။



“ အမှန်မြင်နိုင်ကြပါစေ ”

* စစ်မြေတလင်းမှာ . . .
လူ လူချင်းသတ်တာ
မမြင်ချင့်စရာ
အကျိုးဘာမျှမရှိပါ
အသိတရားရစရာ ၊ ၊



"ထာဝရငြိမ်းချမ်းရေး"

* လက်နက်တွေဖျက်ဆီး
စစ်မီးတွေငြိမ်း
စစ်စခန်းတွေသိမ်းပြီးရင်
အဘငြိမ်းဆီ အပြီးပြန်လာပါတော့မယ်။ ။



"လူထုဆန္ဒ"

* ရွှေမက်ပါသလား. . .ရွှေမမက်ပါ၊
ငွေမက်ပါသလား. . .ငွေမမက်ပါ၊
ဂုဏ်မက်ပါသလား. . .ဂုဏ်မမက်ပါ၊
ဒါဆိုရင် ဘာမက်ပါသလဲ. . .၊
"ထာဝရငြိမ်းချမ်းရေး"

## “သတိထားကွယ် လက်နက်အန္တရာယ်”

* လက်နက်ဟူသည်
သူမိုက်နစ်သက်
ရန်မီးစွဲမက် ၊ စစ်မီးဖက်၏၊
သိပ္ပံလက်နက် တီထွင်ပေးဆက်
လောဘလက်ချက် ဒေါသလက်ချက်
သေကြေရက်စက် ကြင်နာမဖက်
လူသားမျိုးဆက် ၊ လူ့ကမ္ဘာပျက်အောင်
ဖြိုဖျက်နေသည် မဟုတ်လော။ ။

## “ကမ္ဘာပျက်မည့် အကျုံမြူလက်နက်”

(၁)

* သေးငယ်လက်နက်
အစွမ်းထက်သည်
“အကျုမြူ” ဟု ခေါ်မည်လော၊
လက်နက်ဟူက ကြီးငယ်မရွေး
အန္တရာယ်ပေး၏ ။

(၂)

* အကျုမြူလက်နက် ကမ္ဘာပျက်၏၊
အကျုမြူလက်နက် လူသားတွေပျက်၏၊
အကျုမြူလက်နက် ဂေဟာတွေပျက်၏၊
အကျုမြူလက်နက် လောကတွေပျက်၏၊
အကျုမြူလက်နက် အလွန်စွမ်းပကားထက်၏၊

မပျက်တာမရှိ အလုံးစုံပျက်သုဉ်း၏၊
တုန်လှုပ်ဘွယ်ရာ ဖြစ်ချေတကား၊

(၃)

* အကျုမြူလက်နက် ကောင်းကျိုးတစ်ကွက်
အဖက်မရှိ သက်ရှိသက်မဲ့
အထိအပျက် ရက်ရက်စက်စက်
သေကြေပျက်၏၊
အဖျက်သံသရာ အပျက်ရေစာ
ပြုမူခါခါ စွမ်းပြရာတည်း၊

(၄)

* ကောင်းကျိုးမပေး အကျုမြူဘေးကို
ကမ္ဘာဖျက်လက်နက် အကျုမြူလက်နက်ကို
ကျော်လွှားကင်းဝေး အမြန်မနေး
ဖျက်ဆီးကာကွယ်သွားကြပါစို့၊ ၊

“လက်နက်နှင့်ကမ္ဘာ့ငြိမ်းချမ်းရေး”

(၁)

* ဓာတုလက်နက် ဇီဝလက်နက်
စစ်လက်နက် ခေတ်မီလက်နက်
လက်နက်ဟူက. . .
သူမိုက်နစ်သက် ရန်မီးစွဲမက်
စစ်မီးဖက်၏၊

(၂)

* သိပ္ပံပညာရှင်များ. . .
တီထွင်ပေးဆက် ကမ္ဘာကြီးကိုဖျက်၏၊
သိပ္ပံလက်နက် လူသတ်လက်နက်
ဒေါသအမျက် လောဘရမ္မက်
ပေါင်းစည်းဖက်၍. . ။

ယုတ်မာရက်စက် စာနာမဖက်
လူသားမျိုးဆက်
ပက်ပက်စက်စက် သေကြေပျက်အောင်
နေ့စဉ်ရက်ဆက်
ဖြိုဖျက်နေသည်မဟုတ်လော
ကြေပျက်နေပြီမဟုတ်လော၊ ။

(၃)

* လုံးစုံကြွယ်ဝ ဤလောကမှ
လောကအလှ သဘာဝတွေ
ဂေဟာဘူတ လူ့ဇီဝတွေ
ပြာကျလေဘိ ရင်မရှိရာ
စာနာမရှိ အတတ်ဆန်းပါဘိ
အသိမျက်ကန်း လက်နက်ဆန်းတွေ
ရပ်တန်းကရပ်ပါ တောင်းဆိုပါ၏၊

(၄)

* "လူ" လူချင်းသတ် သူမိုက်ဇာတ်ကို
တန့်ရပ်တားဆီး ကမ္ဘာကြီးတွင်
စစ်မီးလျှံဝင်း စစ်တလင်းကို
စိုက်ခင်းရိက္ခာ ဖြစ်ပေါ်လာအောင်
စိုက်ပါပျိုးပါ အားထုတ်ပါလော့၊
မေတ္တာနက်ရှိုင်း ကရုဏာလှိုင်းဖြင့်
ဝိုင်းတည်ဆောက်ပါ
ကမ္ဘာ့ငြိမ်းချမ်းရေး၊ ။

## "အကြမ်းဖက်လူသားအန္တရာယ်"

(၁)

* မြူမှုန်ကိုတောင်ထင်အောင်
အဖြူပေါ်အမဲတင်
အမှန်ကိုအမှားမြင်
အကျဉ်းကို အကျယ်ထွင်
အမြဲဆန့်ကျင်ဘက်အသွင်၊

(၂)

* ချစ်ချင်းတရားကို မျက်ကွယ်ပြု
အမုန်းတရားကို ရှေ့ရှု
ရန်လိုကာအပြစ်မြင်
ပြဿနာစဉ်လို့ အကွက်ထွင်
ကယ်တင်ရှင်အသွင်၊

(၃)

* ယမ်းပုံကို မီးတိုက်
"ပေါက်ကွဲ" မှ နှစ်မြိုက်ပျော်
ကြော် ကမ္ဘာပေါ်က လူသားတွေ
သေကြ ကြေကြ အနာတရ
ဘဝတွေပျက်စီး "ပြည်တွင်းစစ်မီး"။

(၄)

* မေတ္တာမရှိ ကရုဏာမရှိ
စာနာမရှိ ဖြစ်ချင်တာသာသိ
ငါ့ဝါဒ ငါ့အဖွဲ့ ငါစွဲထား
ကမ္ဘာပေါ်က. . .၊
အကြမ်းဖက်တဲ့ "မျိုးဖျက်လူသား"။ ။



"ချိုးငှက်သံတွေ ကမ္ဘာလွှမ်းပါစေ"

* ချိုးငှက်တွေ "ကူလွန်းလို့"

လက်နက်တွေ ဖျက်ကုန်ပြီ၊

စစ်မြေတလင်းမှသည် . . .

ကမ္ဘာမြေတစ်ဝန်းဆီ ၊

ချိုးငှက်တွေ ကူဖန်များရင်ဖြင့်

လက်နက်တွေ ခါခါဖျက်တော့

* လက်နက်မဲ့ကမ္ဘာ ပေါ်လာချိန်နီးတော့မည်ပဲ၊


ချိန်မကြာ ငြိမ်းချမ်းတဲ့ကမ္ဘာ

ရောက်တော့မည်မှာမလွဲ၊ ၊



## "ပွင့်သောပန်းတိုင်းမွှေးပါစေ"

* ဖူးပွင့်လာမည့်
ပန်းကလေးများ
လန်းဆန်းစေရာ
မေတ္တာရေချမ်း
ပက်ဖြန်းအခါခါ
ပန်းဂုဏ်ရနံ့
မွှေးပျံ့သင်းစေမှာ ၊ ၊



## "ငါတို့စာသင်ခန်း"

* ပန်းကလေးများ ပွင့်လာပြီ
ပွင့်တံဝင့်လို့ အားမာန်ရှိ
လက်တွဲညီညာ ရှိတက်လှမ်း
ငါတို့စာသင်ခန်း။ ။



“ ပျိုးခင်း ”

* ဘာတွေလုပ်နေလဲ
ပန်းတွေပျိုးနေတယ်
ပျိုးခင်းထဲမှာလား
စာသင်ခန်းထဲမှာ ၊ ၊

"အသီးစားလို့လျှင်"

* ဤပျိုးပင်ငယ်
ချုံနွယ်ဖယ်လို့
မြေဝယ်ပြုစု
ပျိုးထောင်မှုသည်
ပျိုးပင်ကြီးရန်ပြုသည်တကား။ ။
ဤပျိုးပင်ကြီး
* ရှင်သန်ကြီး၍
ဖူးပွင့်ဝေစည်
ဥတုညီလျှင် "အစီအရီ"
သီးပွင့်လာတော့မည်။ ။

**"ဘဝနိဒါန်း"**

* မိုးလည်းမမိုး ကြိုးလည်းမကြိုး
ပျိုးလည်းမပျိုးခဲ့ရင်
ပျိုးပင်ဘဝဟာ
ဘယ်ခါရှင်သန်လိမ့်မတုန်း ။ ။




## "ဘဝအောင်ပွဲဆီသို့"

* ဘဝတစ်ခု ရှင်သန်မှု
ဖွဲ့သန်မှုအပေါ် အခြေပြု၊
* ဘဝတစ်ခု ရှင်သန်မှု
လုံ့လသန်မှုအပေါ် အခြေပြု၊
* ဘဝတစ်ခု ရှင်သန်မှု
ဝီရိယသန်မှုအပေါ် အခြေပြု၊
* ဘဝတစ်ခု ရှင်သန်မှု
ဉာဏ်ရည်သန်မှုအပေါ် အခြေပြု၊
* ဘဝတစ်ခု ရှင်သန်မှု
ကြံမှာသန်မှုအပေါ် အခြေပြု၊
* အခြေခံပေါင်းစု စွမ်းအားထုဖြင့်
"ဘဝအောင်ပန်း" မုချဆွတ်လှမ်းနိုင်ကြပါစေ၊ ။



"ရှင်သန်ခြင်းဟူသည်"

* အပင်ဆိုတာ ဘဝလိုပဲ
ဘဝဆိုတာ အပင်လိုပဲ
မြေလွှာမှာပြင် စီကာစဉ်ရွေ့
မျိုးစေ့ကောင်းကောင်း မြေဆီလောင်းလို့
ပေါင်းမြက်တွေရှင်း ပိုးမွှားကင်းအောင်
အောင်ရေမှန်သွင်း မျိုးထောင်ခြင်းဖြင့်
ပင်မင်းအားသန် သီးပွင့်မြန်လို့
ကောင်းကျိုးတန်ဖိုး တိုးခဲ့ပြီ၊
ညှော် . . ။
အပင်ဆိုလည်း ဘဝလိုပဲ
ဘဝဆိုလည်း အပင်လိုပါတကား ။



"ပေတုံး"

* ငါ့အားထုနက်
ရက်စက်ကြလည်း
မြေခကြွေအောင် ချစ်လျက်ပါ။ ။

"ပညတ်ခံရခြင်း"

* ငါကားမဲနက်
အသွေးအရောင်မထွက်ပဲ
ဘယ့်တွက် "မီးသွေး" ခေါ်ဘိသနည်း။



## “ဝေးလံဒေသ”

* တစ်ခေါက်နှင့်တစ်ခေါက်
အရောက်အပေါက်က ကျဲသကို
ခရီးလမ်းကမတို
ရပ်ဝေးမှ ကိုကို၊ ၊



## "သံမဏိဖက်"

* ဖက်ပေါ်ဆူးကျ
ဆူးပေါ်ဖက်ကျ
ဖက်ပေါက်ရလည်း၊
ဖက်ကမပေါက်
ဆူးသာ ကေါက်သည်
အံ့လောက်ဘွယ်ပင်ဖြစ်တကား၊ ။



## ပြန်လည်ရှင်သန် "သဘာဝအားမာန်"

* နောင်းအတိတ်
　　လောင်းရိပ်အောက်က
သစ်ဆီမှ်ပင်ညို
　　ငုတ်တိုတိုလည်း
ရှက်နစိုစ
　　ရွက်သစ်ပြလို့
လောင်းရိပ်အောက်မှ "လွတ်" ခဲ့ပြီ။ ။



"ကြွေချိန်တန်"

* လေလည်းမတိုက်  မိုးလည်းမရွာ
လူလည်းမချူ သူ့အမူလျှင် . . .၊
ရာသီချိန်ထောက်  ကြွေချိန်ရောက်တော့
ရွက်ဝါကြွေလွင့်    မြေခနင့်သည်
ရွက်သစ်လဲရန် ရောက်ချိန်တည်း ။  ။

"ဘဝဗေဒါ"

* ဘဲအုပ်ကြားက "ပန်းဗေဒါ"
ရှန်းထွက်စက်လှရှာ ၊
ရေဆန်ရှိန်အခါ "ဒီလှိုင်း" ထက်
သူ့ဘဝ အားတက်ပျော်မြူးလျက် ။ ။



"မှိုးခေါသံ"

* အပူဒဏ်ခံစား

မြေအက်ကြားဝယ်၊

မိုးပေါက် မိုးစက်

ကြိမ်ကြိမ်သက်ဖို့

"ရွှေဖား" ထွက်၍အော်ရှာသည်။ ။



## "ကုန်သည်ကြီးရဲ့ ညည်းသံ"

* မနီးတော့ပါလား
ဝေးနေတာကြာခဲ့ပြီ ။
ဘယ်သူတွေနဲ့လဲ
ဒေါ်လာငွေတွေနဲ့ ။ ။



## "အံ့ချီးဘွယ် စေတနာရှင်"

* ရောင်နီပေါ်စ

အရုဏ်ဦးမှသည် -

ကျွန်းလုံးအနှံ့ မိုးလုံးပျံ့အောင်

"နေဝန်း" ဖြန့်၍ လင်းရှာသည်၊

နောက်တစ်နေ့တာ


နောက်တစ်ကျွန်းမှာ "သာ" နိုင်ဖို့အရေး

"ဆည်းဆာ" မှာ အလုတွေဖြာလို့

နှုတ်ဆက်ခဲ့ပြီလေး၊ ၊

## "ဘဝဆိုတာ ခြားနားခြင်း"

* ကန်ပေါင်ဆင့်ဆင့် ရေမြင့်မြင့်မှာ
ရေမြင့်ကြာတင့် ရွှေကြာပွင့်လည်း၊
　　စုန်ဆန်ကူးလာ ၊ ပန်းပေဒါဟာ
　　ဒီလှိုင်းရေမှာ ပွင့်ခဲ့ရှာ ၊
ဘဝရွှေကြာ ဘဝပေဒါ
　　ပေဒါနှင့်ကြာ
ဘဝခြင်းကွာလည်း
　　ရေမှာပွင့်ခြင်းအတူတူ ၊ ၊



"ဆင်းရဲခြင်းကို အောင်နိုင်လို့ပါက"

* ဘဝတစ်ခု အိမ်ထောင်မှုကို

တည်ထောင်ပြုတာ လူမှုအစဉ်အလာ၊

စားဝတ်နေမှု လုံ့လပြုလို့

လူမှုဘဝ ဆောက်တည်ကြရာ

သမုဒ္ဒရာ ဝမ်းတစ်ထွာ၊

အလုပ်တန်ဖိုး ချစ်မြတ်နိုးရာ
ပွားတိုးဆောက်ရွက် စီးပွားတက်မှာ
အလုပ်မရှိ ထမင်းမရှိပါ
အလုပ်ရှိမှ ထမင်းရှိမည်သာ ။

* ကောင်းသောအလုပ် အပတ်တကုတ်
ကြိုးစားလုပ်ခဲ ၊
မဆုတ်မနစ် မရှုတ်မလစ်
စည်းစနစ်ဖြင့်
"ချွေတာသုံးစား စုဆောင်းအား" ကြောင့်
ဆင်းရဲခြင်းအပေါင်းကို
ဝေးမကြာခင်မှာဘဲ အောင်မြင်နိုင်ခဲ့ပါပြီ ။

## "သား လေးသား"

* သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်
　　လုယက်ကာစား "ဓါးမြသား"၊
* သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်
　　ခိုးဆိုးကာစား "သူခိုးသား"၊
* သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်
　　လိမ်ညာကာစား "လူလိမ်သား"၊
* သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်
　　တောင်းရမ်းကာစား "သူတောင်းစားသား"၊
* ထိုထိုမည်သား သား"လေး" စားတွင်
တောင်းရမ်းကာစား "သူတောင်းစား" သည်၊
လူများမမုန်း
အပြစ်ကင်းစင်ဆုံးသူ ဖြစ်ချေတကား။ ။



"မိတ်ဆွေတု"

* စေတနာမပါ
မျက်နှာမြင်မှ
ကြင်ယောင်ပြသည်
ခေါ်ကြမည်လော "မိတ်ဆွေစစ်"။ ။

## ချင် "ခုနှစ်ပါး"

* လောကီရေးရာ အဖြာဖြာတွင်
မျက်စိရှင်ရှင် မြင်တတ်စေချင်
နားရှင်ရှင် ကြားတတ်စေချင်
ဦးနှောက်ရှင်ရှင် မှတ်တတ်စေချင်
စိတ်ရှင်ရှင် တွေးတတ်စေချင်
နှုတ်ရှင်ရှင် ပြောတတ်စေချင်
သုတစုံလင် လေ့လာစေချင်
လူ့ လူချင်းယှဉ် အနိုင်ရစေချင်
ဤ"ချင်" ခုနစ်ပါး ကြိုးစားထား၍
သင့်ကား အောင်ပန်း၊ ပိုင်ပိုင်လှမ်းက
သိမ်းမြန်းပိုင်ဆိုင်နိုင်ပါစေ၊ ။

## "မိတ်ဆွေစစ်"

* တုန့်လှည့်မထား
မေတ္တာအားဖြင့်
စာနာတတ်သူ
ကူညီသူမှ
ကြည်ဖြူခေါ်လှစ် မိတ်ဆွေစစ်။ ။

## "ညစ်ညမ်းမှု လျှော့ပါးရေး– လူတိုင်းပါဝင်ကူညီဆောင်ရွက်ပေး"

ဒို့ကမ္ဘာတစ်ခွင် -

သဘာဝပတ်ဝန်းကျင် "ဤရေပြင်"

အမြဲသန့်ရှင်းနေစေချင် ၊

ဒို့ကမ္ဘာတစ်ခွင်

သဘာဝပတ်ဝန်းကျင် "ဤလေပြင်"

အမြဲသန့်ရှင်းနေစေချင် ၊

ဒို့ကမ္ဘာတစ်ခွင်

သဘာဝပတ်ဝန်းကျင် "ဤမြေပြင်"

* အမြဲသန့်ရှင်းနေစေချင် ၊

မြေ ရေ လေထု ညစ်ညမ်းမှု၊

အမြဲအန္တရာယ်ပြု လူသားအကျိုးမပြု

ရေ လေ မြေထု "သန့်ရှင်းမှု"

ဒို့ကမ္ဘာကြီးသာယာမှု ၊

လူတိုင်းပါဝင်ရွက်ဆောင်ပြု၊ ၊



## "သဘာဝရတနာ ထိန်းသိမ်းကာကွယ်ပါ"

* ရှုကြည့်စမ်းပါ ရှုချင်စရာ
ရှုမောဘွယ်ရာ ဒို့ကမ္ဘာ၊
ပန်းတို့လန်းရာ ရေပဒေသာ
အလှရတနာတွေဖြာ၊
ပန်းတို့ပျိုးရာ မြေပဒေသာ
အလှရတနာတွေဖြာ

ပန်းတို့မွှေးရာ တောပဒေသာ

အလှရတနာတွေဖြာ၊

ပန်းတို့ပွင့်ရာ တောင်ပဒေသာ

အလှရတနာတွေဖြာ။ ။

ရေမြေတောတောင် သဘာဝဟာ

အလှရတနာပဒေသာ သက်ရှိအားလုံးမှီခိုရာ၊

"သဘာဝအလှ" နှင့် "သဘာဝရတနာ"

လူသားအပေါင်းတို့ မြတ်နိုးရာ

အလှစုံစွာ ဒို့ကမ္ဘာမှာ. . .၊

ပန်းစုံဖူးပွင့် သဘာဝအလှဆင့်ဖို့

သဘာဝဝန်းကျင် ထိန်းသိမ်းကာကွယ်သွားကြပါစို့။ ။

## " မြေ ရေ လေ မီး နှင့် လူသား "

(၁)

* ဤမြေမှာ . . .

မွေးဖွားလာကြ လူ့လောကဝယ်
လူသားဘာဝ ၊
မြေကိုနင်းမှ အသက်ရှင်ရသည်
မြေကိုနင်းမှ သွားလာရသည်
မြေကိုနင်းမှ နေထိုင်ရသည်
မြေကိုနင်းမှ ထွန်ယက်ရသည်
မြေကိုနင်းမှ ကြီးပွားရသည်
မြေကကျေးဇူးကြီးလှတကား၊ ၊

(၂)

* ဤရေမှာ . . .

မွေးဖွားလာကြ လူ့လောကဝယ်
လူသားဘာဝ . . .၊
ရေကိုသောက်မှ အသက်ရှင်ရသည်
ရေကိုသုံးမှ စိုက်ပျိုးရသည်
ရေကိုသုံးမှ သွားလာရသည်
ရေကိုသုံးမှ သန့်ရှင်းရသည်
ရေကကျေးဇူးကြီးလှတကား၊ ၊

(၃)

* ဤလေမှာ . . .

မွေးဖွားလာကြ လူ့လောကဝယ်
လူသားဘာဝ . . .၊
လေကိုရှူမှ အသက်ရှင်ရသည်
လေကိုသုံးမှ သွားလာရသည်
လေကိုသုံးမှ လည်ပတ်ရသည်
လေကကျေးဇူးကြီးလှတကား၊ ၊

(၄)

* လူသားဘာဝ မွေးဖွားလာကြ
လူ့လောကဝယ် ।
မီးကိုလှုံမှ အသက်ရှင်ရသည်
မီးကိုသုံးမှ ကျိုချက်ရသည်
မီးကိုသုံးမှ အလင်းရသည်
မီးကကျေးဇူးကြီးလှတကား။ ।

(၅)

* "လောက" သဘာဝ လူ့လောကဝယ်
"သဘာဝ" ကပေးလာ မြေ ရေ လေ မီးဟာ
လူသားတို့ရဲ့အသက်သခင်ပါ
"မြေ ရေ လေ မီး" သဘာဝကြီး
မပျက်စီးအောင် ထိန်းသိမ်းဆောင်၍
"တန်ဖိုးသိသိ အကျိုးရှိရှိ" သုံးစွဲသွားကြပါစို့ ။ ।



"ကျန်းမာရေးသုခ"

* ရောဂါဆို ဖြိုကာပစ်ဖို့
ကာကွယ်ဆေးတွေထိုးနှံ ၊
ပြည်လုံးအနှံ့ ကျန်းမာစေမယ်
ရောဂါဘေး ကင်းဝေးစေကြောင်း ။
ယနေ့အခါ လူ့ဘဝမှာ
"ကျန်းမာ မှ သုခရမယ်"
သုခရှာသူ
အများပြည်သူအပေါင်း ။ ။



"အမျိုးသားယဉ်ကျေးမှု
အခွန့်ရှည်တည်တံ့ရေး

* အမျိုးသားယဉ်ကျေးမှု
တိုင်းတစ်ပါးသား ယဉ်ကျေးမှု
ယှဉ်ပြိုင်မှု ရှိနေတဲ့ ဒို့မြန်မာပြည်၊
ဒို့ပြည်သူတွေ အသိတရားနှင့်ယှဉ်
သတိထားဖို့ လိုနေပြီ၊
"တစ်နေ့မှာ" တိုင်းတစ်ပါးသား ယဉ်ကျေးမှုတွေ
လွှမ်းမိုးကာနိုင်ခဲ့ရင်ဖြင့်
ဒို့ယဉ်ကျေးမှုပျောက်မှာကို
တွေးဆလို့ရင်လေးမိသေး၊ ၊

# အဆုံးမရှိသော "အစ" များ

* တန့်ရပ်မတည် "ရာသီဘာဝ"
ရွှေ့လျောရသည် "ဥတုအစ" ပျိုးရန်အကြောင်းတည်း။
တန့်ရပ်မတည် "နေခြည်ဘာဝ"
ရွှေ့လျောရသည် "နေ့ညအစ" ပျိုးရန်အကြောင်းတည်း။
တန့်ရပ်မတည် "နာရီဘာဝ"
ရွှေ့လျောရသည် "နေ့ရက်အစ" ပျိုးရန်အကြောင်းတည်း။
တန့်ရပ်မတည် "ရေကြည်ဘာဝ"
ရွှေ့လျောရသည် "ပင်လယ်အစ" ပျိုးရန်အကြောင်းတည်း။
ရွှေ့လျောခြင်းဖြင့်
ရာသီကာလ နေ့ညချိန်ခါ
နာရီသဘာဝ ဖြစ်ပေါ်ရ၏။
ရွှေ့လျောမှု အကြောင်းကြောင့်
နှစ်ဟောင်းမှနှစ်သစ် ခေတ်ဟောင်းမှခေတ်သစ်
စနစ်ဟောင်းမှစနစ်သစ် လူဟောင်းမှလူသစ်
ဘဝဟောင်းမှ ဘဝသစ်သို့
ကူးပြောင်းအဖန်ဖန်
ကြိမ်ဖန်များစွာ ပေါ်ပေါက်ရ၏။

* ဘဝလောက သဘာဝတို့
တန့်ရပ်မတည်
အဆုံးမရှိ "ရွှေ့လျော" သည်ကို
"သံသရာစရီး" လို့ ခေါ်ပါသတည်း။



## လူ့ဘဝဆိုတာ "ရေပွက်ပမာ"

* လူရဲ့နှုတ်ဖျား. . .
ရေပန်းစား ရွှေတဲ့လား၊
လူရဲ့နှုတ်ဖျား. . .
ရေပန်းစား ငွေတဲ့လား၊
လူရဲ့နှုတ်ဖျား
ရေပန်းစား ဒေါ်လာတဲ့လား၊
လူရဲ့နှုတ်ဖျား
ရေပန်းစား သိပ်လှတဲ့လား၊
ဘဝအတွက် "ဓနီ" အလှအတွက် "မာန"
ဘဝ ဓနီ အလှ မာန
ဂုဏ်ပကာသန၊




* လျှပ်တစ်ပြက်မကြာ ဖြစ်ပျက်နေတာ
လူ့လောကမှာ လူ့ဘဝ "ရေပွက်ပမာ"
မနေဌေ့မက်လုံး အလှတွေပျက်ရှုံး
ဘဝကြွေပျက်သုဉ်းတော့ . . .
လူ့ဘဝ တစ်ခဏ နိဂုံး ။ ။



" ကြွေချိန်တန်လျှင် ကြွေမှာပဲ "

* အပင်လောက ဘ၀တာ၀ယ်
လေလည်းမတိုက် မိုးလည်းမရွာ
လူလည်းမချူ သူ့အမှုလျှင်
ရာသီချိန်ထောက် ကြွေချိန်ရောက်က
ရွက်ဝါကြွေလွင့် မြေခနင့်သည်
ရွက်သစ်လဲရန် ရောက်ချိန်တည်း ။
ထိုတူဘ၀ လူ့လောကလည်း
လူ့ဘ၀တာ၀ယ် လူလည်းထို့တူ
ခံစားယူ၍ လူ့အမှုလျှင်
"သက်" ရှယ် "ချိန်" မစောင့်
သေချိန်ရောက်က ။
လူ့ဘ၀လည်း "ရွက်ဝါပမာ" ကြွေလွင့်ရာခဲ့ ။
လူ့ဘ၀သည် လောကဓမ္မတာ
လူ့ဓမ္မတာ "ကံ" စီမံရာ
ခံစားရာသာဖြစ်ချေ၏ ။




" သဘာဝတရား နှင့် ငါ "

* သဘာဝလောကကြီးကို မျှော်ကြည့်လိုက်တော့
မှောင်မိုက်တွေဟာလည်း. . .၊
မလင်းခင်သာ မှောင်နေရရှာ
မှောင်ခြင်းဟာလည်း "မမြဲပါလား"၊
အလင်းဓါတ်တွေဟာလည်း
မမှောင်ခင်သာ လင်းနေရရှာ
လင်းခြင်းဟာလည်း "မမြဲပါလား"

လှပရှပ်အဆင်း တွေဟာလည်း
မအိုစင်သာ "လှနေရရှာ"
လှခြင်းဟာလည်း "မမြဲပါလား"
ငါအပါအဝင် "ခန္ဓာ" ရှိသူတွေဟာလည်း
မသေစင်သာ ရှင်နေရရှာ
"ရှင်" ခြင်းဟာလည်း "မမြဲပါလား"
မှောင်ခြင်း လင်းခြင်း. . .
လှခြင်း ရှင်ခြင်း သဘောတွေဟာလည်း
"အဆုံးမရှိ" မမြဲသော သဘာဝတရားတွေပါတကား။

## အစိုးမရ "လူ့ဘဝ"

* လူ့ဘဝမှာ . . .၊

သမုဒ္ဒရာ ဝမ်းတစ်ထွာလည်း
ဝမ်းမဝမှာစိုးရတယ် ၊
အစားတစ်လုပ် အလုပ်ရှုပ်လည်း
အစားဆုတ်မှာစိုးရတယ်၊
ပညာပြည့်စုံ ဘွဲ့ထူးစုံလည်း
အလုပ်ဂုဏ်မရှိမှာစိုးရတယ်
ဥစ္စာကုံလုံ ပေါပြည့်စုံလည်း
ပညာဂုဏ်မရှိမှာစိုးရတယ်
ခန္ဓာရလာ လူ့ဘဝမှာလည်း
"လျှပ်တစ်ပြက်" တာအတွင်း ပျက်လွယ်ခြင်းဖြင့်
ပျက်ယွင်းသွားမှာ စိုးရတယ်၊ ၊

## အမှောင်ခွင်း၍ “အလင်းဆောင်နိုင်ပါစေ”

* ညဥ့်အမှောင်စွဲငြိ ကြယ်လရောင်မရှိ
အလင်းနတ္ထိ၊
ဘဝအမှောင်စွဲငြိ အသိဉာဏ်မရှိ
ပညာနတ္ထိ၊
ကာမအမှောင်စွဲငြိ ထိန်းချုပ်စွမ်းမရှိ
တရားနတ္ထိ၊
အမိုက်အမှောင်စွဲငြိ အမြင်မှန်မရှိ
အမှန်နတ္ထိ၊
မူးယစ်အမှောင်စွဲငြိ အပြန်လမ်းမရှိ
ကုရန်နတ္ထိ ဆေးမရှိ၊

* ထိုထိုအမှောင် ဖြိုခွင်းဆောင်လော
ပညာရောင်လင်း အောင်နိုင်ခြင်းဖြင့်
ထာဝရအလင်းဆောင်၍
အမြဲအောင်နိုင်ကြပါစေ၊ ၊

## "အဆိပ်လူးသောဆေး"

(၁)

အလို အသင် လူသားအပေါင်းတို့. . .၊
ငါ့ကိုမထိနဲ့ ငါ့ကိုမထိုးနဲ့
ငါ့ကို မသွင်းနဲ့ ငါ့ကိုမစားနဲ့
ငါ့ကိုမသောက်နဲ့ ငါ့ကိုမပြည်းနဲ့
ငါ့ကိုမစမ်းနဲ့ ငါ့ကိုမနမ်းနဲ့
ငါ့ကို လုံးဝမသုံးကြနဲ့ ငါ့ကိုရှောင်ကြဉ်ကာသွားကြ
ငါဟာ အဆိပ်လူးသောဆေး "မူယစ်ဆေး" ပဲ
ငါ့ကိုစိုက်ပျိုး ငါ့ကိုထုတ်လုပ်
ငါ့ကိုသိုလှောင် ငါ့ကိုသယ်ဆောင်
ငါ့ကိုဖြန့်ဖြူး ငါ့ကိုရောင်းဝယ်
ငါ့ကိုမျှော်ကိုးလို့
စီးပွားကုန်သွယ်မပြုလေနဲ့

ငါသည် လူသားမျိုးနွယ် ပြို့ဖျက်မည့်
လူ့အညွန့်တုံးစေမည့်
သင်တို့၏ရန်သူ "လူသတ်လက်နက်တစ်ခု" ။
ငါ့ကိုလိုချင်ရင်
တန်ဖိုးကြီးကြီးပေးရမယ်
ငါ့ရဲ့တန်ဖိုးက "ရွှေထက်ဈေးကြီးတယ်" ။

(၂)

"မူးယစ်ဆေးဝါး" ဟု အမည်တွင်
ဤကမ္ဘာတွင်ကျော်ကြား၊
လူမျိုးမရွေးပါဘူး လူသားတွေဆို
"ဆွေအဆက်ဆက် မျိုးအဆက်ဆက်"
ရက်စက်စွာ "သူ" သတ်သွားတယ်
ကြောက်စရာ "မူးယစ်ဆေးဝါး" ။

(၃)

မူးယစ်ဆေး ဟူသည် . . .
"ယစ်မူးစေ မူးယစ်စေ"
သူ့အစွမ်းနဲ့
ဖြားယောင်းလို့ သူခေါ်ဆောင်
ကမ္ဘာပေါ်က လူ့အသက်ပေါင်းများစွာ
စတေးကာလိုက်ပါသွားရတယ်
ကမ္ဘာကျော် "မူးယစ်ဆေးအစွမ်း"

(၄)

မူးယစ်ဆေးဝါး အန္တရာယ်
ကြီးမားလွန်းလှတယ်
"မြွေဆိုး" ကိုက်ရင် လူတစ်သက်သာပါရတယ်
"အိပ်စ်ရောဂါပိုး" ကိုက်ရင်
ဆွေစဉ်မျိုးဆက်လိုက်ပါရတယ်
ဩော် . . .ကြောက်မက်ဖွယ်လိလိပါတကား။

(၅)

အို. . .လူသားအပေါင်းတို့

မူးယစ်ဆေးဝါးသုံးမှ ဇိမ်ရှိစွထင်
မူးယစ်ဆေးဝါးသုံးမှ အတွေးကောင်းစွထင်
မူးယစ်ဆေးဝါးသုံးမှ ဂုဏ်ရှိစွထင်
မူးယစ်ဆေးဝါးသုံးမှ ခေတ်မီစွထင်
ဘာတွေပဲထင်ထင် . . .
အမြင်မမှားကြနဲ့ အထင်မမှားကြနဲ့
"တစ်ချက်မှားရင် သင့်အသက်ပါသွားမည်"
"သင်" သေမှာမကြောက်ဖူးလား။


(၆)

ယနေ့ရိုန်၏ ဤကမ္ဘာမြေမှာ
ကောင်းကျိုးမပေး
"အဆိပ်လူးသောဆေး မူးယစ်ဆေး" ကို
အသိတရားနှင့်ယှဉ် ထာဝစဉ်သတိထားလို့
ထားဆီးကာကွယ်သွားကြပါစို့ ။ ။




" ပန်းဘဝ "

*  ပွင့်ချိန်တန်လည်း အချိန်မှန်ပဲ
ဖူးပွင့်ခံရ ပန်းတို့ဘဝ
ဝေချိန်တန်လည်း အချိန်မှန်ပဲ
ဝေဆာခံရ ပန်းတို့ဘဝ
ပန်ချိန်တန်လည်း အချိန်မှန်ပဲ
ပန်ဆင်ခံရ ပန်းတို့ဘဝ
ကြွေချိန်တန်လည်း အချိန်မှန်ပဲ
ကြွေလွင့်ခံရ ပန်းတို့ဘဝ၊
ပွင့်စဉ်လည်းမွေး ဝေစဉ်လည်းမွေး
ပန်စဉ်လည်းမွေး ကြွေစဉ်လည်းမွေး
မွေးရနံ့တထုံထုံ ပန်းတို့ရဲ့ဂုဏ်၊
ပန်းငှီကာ ဂုဏ်သတင်း
မွှေးပျံ့သင်းအောင်
လေညင်းရယ် ခါခါသွေးလို့
ဆောင်ယူပို့မြဲနေ။ ။



"ပန်းစေတနာ"

* မြေမှာထုံကူး ရေမှာငုံဖူး
နေမှာဖူးပွင့် လေမှာမြူးလွင့်
ရနံ့ထူးတင့် ပန်းပင်ကပွင့်
"အလှပန်းတစ်ပွင့်" ။
ဖူးပွင့်အစ အပွင့်လှဖို့
တစ်ပွင့်ဘဝ အခက်လှဖို့
ပန်းဘဝအလှကမ္ဘာမှာ ပန်းအလှဖန်တီးလာ
အလှပန်းပါ ဘဝလန်းဖြာ
မြတ်ပန်းသတင်း လေညင်းဆောင်လာ
ရနံ့သင်းဖြာစေခဲ့တာ ။
ချူလှဲ့ပါ ခူးလှဲ့ပါ
ပန်လှဲ့ပါ သုံးလှဲ့ပါ
လိုရာဆန္ဒ ပြည့်ဝပါစေ
ပန်းစေတနာ ဝေဖြာနေခဲ့တကား။ ။



## " ပန်းဆန္ဒ "

* ပန်းအလှပင်မှ ဖူးပွင့်လာ
အလှပန်းလေးတွေ ဝေဝေဆာ
နေခြည်မှာ ရွှေရည်သွေး
ပန်းအလှတဲ့လေး။

* ပန်းအလှ ချူချင်စရာ
ပင်ထက်မှာဖြာ
ရူးချူရန်ခါမရွေး
ချူလို့ပါလေး။

* ပန်းအလှ ပန်ချင်စရာ
ပင်ထက်မှာဖြာ
ပန်ဆင်ရန် ခါမရွေး
ပန်လို့ပါလေး။

* ပန်းအလှ ကြူချင်စရာ
ပင်ထက်မှာဖြာ
မွှေးကြူရန် ခါမရွေး
ကြူလှဲ့ပါလေး။

* ပန်းအလှ လှူချင်စရာ
ပင်ထက်မှာဖြာ
ပေးလှူရန် ခါမရွေး
လှူလှဲ့ပါလေး။

* ညြော် . . .ဘဝပန်း သံသရာမှာ
ပန်းဘဝရလာ
ပန်းဆန္ဒ မြတ်စေတနာ
ဝေဖြာပါစေအမြဲ ။

“တော်ဝင်တဲ့ ပန်းသဇင်”

* ဘဝသရုပ် ဖော်ထုတ်ခေါ်လာ
ပန်းငှီကာ
ပန်းမှာအဆင်း လူမှာအချင်း
အဆင်းရှိမှပေါ်လွင် အချင်းရှိမှပြောင်မြင်
အချင်းမရှိတဲ့လူ “ပေါက်ပန်း”နှင့်ပမာတူ
အချင်းရှိတဲ့လူ “သဇင်ပန်း” နှင့်ပမာတူ
အချင်းမရှိတဲ့ပန်း လူမနမ်း
အချင်းရှိတဲ့ပန်း တော်ဝင်တွေ ပန်ဆင်လို့နမ်း
“တော်ဝင်သဇင်ပန်း” ။ ။

## "ဂုဏ်ပကာသနဟူသည်"

* ငွေဂုဏ် လူဂုဏ် ဓနဂုဏ်

ဂုဏ်အသီးသီး ဖော်ညွှန်းပြီးလျှင် . . ။

လူ့လောကကြီးတွင်၊

တင့်တယ်ခြင်းဟာ ဂုဏ်ဟုဆိုကာ. . ။

သူစွမ်းပါ၏ သူမပါရင် မပြီးခဲ့၊

ကြွားဝါခြင်းဟာ ဂုဏ်ဟုဆိုကာ

သူစွမ်းပါ၏ သူမပါရင် မပြီးခဲ့၊

မက်မောခြင်းဟာ ဂုဏ်ဟုဆိုကာ

သူစွမ်းပါ၏ သူမပါရင် မပြီးခဲ့၊

ပြိုင်ဆိုင်ခြင်းဟာ ဂုဏ်ဟုဆိုကာ

သူစွမ်းပါ၏ သူမပါရင် မပြီးခဲ့၊

နေရာအသီးသီး ၊ လူ့လောကကြီးတွင်

ဂုဏ်မပါရင် မပြီးခဲ့။

* ဂုဏ်သည် . . .၊

နိုင်ငံကျော်အောင်လည်း သူစွမ်းခဲ့၏၊
ကမ္ဘာကျော်အောင်လည်း သူစွမ်းခဲ့၏၊
လေးစားအောင်လည်း သူစွမ်းခဲ့၏၊
သူစွမ်းဂုဏ်ရည် ဂုဏ်ရည်သူ့စွမ်း
ဖြိုးဝေတင့်ပေတကား။ ။



## "ဗိုးရွှေလမင်း"

* မြူခြည်ကင်းပ "လ" ပြည့်ည
သာယာချမ်းမြေ့ "ည" အလှ၊
ထွန်းတောက်သာတဲ့ "လ" ရောင်မှာ
"သားသား" "မီးမီး" တို့ ပျော်ကြတာ၊
ယုန်စန္ဒာ လယမင်း "အဆင်း" ငွေရည်လင်း
ငွေသောင်ယံ သဲလွှာခင်း "အဆင်း" ရွှေရည်ဝင်
ရွှေရောင် ငွေရောင် အလင်းဆောင်
မိုးမြေကမ္ဘာထိအောင်၊
စွမ်းဆောင်နိုင်ပေ့ ရွှေလမင်း "ဗိုးရွှေလမင်း"။




## ၀ “ဝလေး” ဝိုင်းဝိုင်းရေး

* လမင်းကြီးက ထိန်ထိန်သာ
လပြည့်ညအခါ၊
“သားသား” လိုက်ကါပုံတူရေး
ရွှေလ “ဝလုံးလေး”၊
ဝလုံးလေးက “ဝိုင်းဝိုင်းလည်”
သားသားဝိုင်းအောင်ရေးပြမယ်
ကြည့်ထားကြကွယ် ညီ ညီမများ
မှတ်သားလိုက်နာသွား၊ ၊

## "စည်းကမ်းရှိကြပါစေ"

* စည်းကမ်းလိုက်နာ ဘေးကင်းကွာ
　　　အမြဲမှတ်သား လိုက်နာပါ
သွားမှုလာမှု သတိပြု
　　　စည်းကမ်းရှိစေမှု
နေမှုထိုင်မှု သတိပြု
　　　စည်းကမ်းရှိစေမှု
စားမှုသောက်မှု သတိပြု
　　　စည်းကမ်းရှိစေမှု
ပြောမှုဆိုမှု သတိပြု
　　　စည်းကမ်းရှိစေမှု
သုံးမှုစွဲမှု သတိပြု
　　　စည်းကမ်းရှိစေမှု
လုပ်မှုကိုင်မှု သတိပြု
　　　စည်းကမ်းရှိစေမှု
စည်းကမ်းမဲ့မှု တို့မပြု
　　　စည်းကမ်းရှိသေလိုက်နာပြု
"ထာဝရ" တို့များအမှု တို့များလိုက်နာပြု။ ။

## ကြိုတင်ကာကွယ် "အန္တရာယ်"

* နေမှုထိုင်မှု သတိပြု
အန္တရာယ်ကင်းစေမှု
သွားမှုလာမှု သတိပြု
အန္တရာယ်ကင်းစေမှု
စားမှုသောက်မှု သတိပြု
အန္တရာယ်ကင်းစေမှု
လုပ်မှုကိုင်မှု သတိပြု
အန္တရာယ်ကင်းစေမှု
မောင်းမှု စီးမှု သတိပြု
အန္တရာယ်ကင်းစေမှု
ချက်မှုပြုတ်မှု သတိပြု
အန္တရာယ်ကင်းစေမှု
သုံးမှု စွဲမှု သတိပြု
အန္တရာယ်ကင်းစေမှု
သတိမဲ့မှု တို့မပြု
ထာဝရ သတိပြု
"သတိမမှု ဂူမမြင်" ရှေးရိုးစကားတွင်
"သတိမှုမှ ဂူမြင်ရ"
အန္တရာယ်အလုံးစုံကင်းစေစွ ။ ။

## " မြန်မာ့စပါးကျီ ဧရာဝတီ "

ဧရာဝတီ ဧရာဝတီ
စီးဆင်းသွယ်ဆက် "ဧရာဝတီ"၊
ဧရာဝတီ ခရီးထွက်လာ
တိဘက်မြေမှ စတင်ကာ၊
မြစ်နှစ်သွာ ခွဲကာစီး
မေခ မလိခ ရှမ်းပြည်ကြီး၊
ရှမ်းပြည်ဘွယ်ရာ အလှတွေစုံ
မြန်မာတို့ရဲ့ ရေမြေဂုဏ်၊
ပေါင်းဆုံစီးဆင်း မြစ်ခပင်း
နဒီရော မြစ်ဝှမ်းတွင်း၊
မြစ်ဝှမ်းတွေကို ပေါင်းစုကာ
မြစ်ဝကျွန်းတွေပေါ်ခဲ့တာ၊
မြစ်ဝကျွန်းပေါ် အခြေပြု
ဒို့ပြည့်ဝမ်းစာဖူလုံမှု၊
ဘက်စုံဖွံ့ဖြိုး ဧရာဝတီ
အားထားစရာ "မြန်မာ့စပါးကျီ"၊
အစွန်နှရှည်တည်အောင် ဒို့ကြိုးပမ်း
သားစဉ်မြေးဆက် အောင်မြေစခန်း၊ ၊



" အဖေ့မှာတမ်း "

* "အဖေ" မွေးခဲ့တဲ့ "သား"
အဖေလို လူစား၊
ငယ်ကကွယ် ရည်ရွယ်အတွေးတွေနဲ့
ထွေးပိုက်ခါ "ဖေ" ကြိုးစား
မွေးခဲ့တဲ့ "သား"၊
လှိုင်းကြီးရင် လေ့အောက်
တောင်ကြီးရင် ဖဝါးအောက်
ပန်းတိုင်အရောက် ဖွဲ့မာန်ရှိ
လူ့ဘဝခရီးအလီလီ၊
* "ရိုးသားမှု" ကို ဂုဏ်သတင်းတည်
ကြိုးစားမှုနှင့်အောင်ရမည်

ဘဝပန်းတိုင်ဆီ၊
ဘာမထိ အာဇာနည် "ယောကျ်ားဟေ့ပီပီ"
လက်ရှိန်းရည် နှလုံးရည်
ပြည့်ဝစုံညီညီ ၊
"သား" ဘဝခရီးအလီလီမှာ
ကြယ်တံခွန် ထွတ်ချူဖို့အရေး
"ဗလငါးတန်" ဖွံ့ဖြိုးအောင်
အားသွေးဆောင်ပါ့မနေး၊ ၊

“ ရင်ဆိုင်ကျော်လွှား အခက်အခဲများ ”

(၁)

* မိုးမမြင် နေမမြင်
မြစ်ပြင်ကျယ် “ဒီရေကြော”
မျောခဲ့ပေါ့ “ဒို့လှေ”

(၂)

* လှိုင်းဒဏ်နှင့်လေဒဏ်
ကြံ့ကြံ့ခံ အောင်နိုင်ဖို့အရေး၊
အတွေးကိုယ်စီ
အားတက်ကာ ညီညီနဲ့
ညီညာစွာ လော်ခပ်ကာ ကူးသွားတော့
ထူးခြားအောင်ပွဲ၊ ၊

## "မိခင်အို" ရဲ့ တမ်းတခြင်း

* နေ့စဉ်မျှော်ရင်း စောင့်ကြို့ခြင်းဖြင့်
"မင်းတို့"မလာကြ ငါမျှော်ရ၏
မင်းတို့လာကြ ငါပျော်ရ၏
ငါ့ရင်တွင်းက "တမ်းတခြင်း" ။
မင်းတို့တွေ့ရ ငါဝမ်းဝ၏
ငါ့ရင်တွင်းက "သား"တွေကို။
မင်းတို့မြင်ရ အေးချမ်းလှ၏
ငါ့ရင်တွင်းက "သမီး"တွေကို။
သားတို့ သမီးတို့. . .၊
မင်းတို့လာမှ ငါမြင်ရ၏၊
မင်းတို့မြင်မှ ငါပျော်ရ၏၊
မင်းတို့တွေ့ရ အေးမြလှ၏၊
မင်းတို့ ငါတို့ ကမ္ဘာအသခေါ်
ကျန်းမာပျော်ရွှင် အောင်ပန်းဆင်လျက်
ဘဝအဆက်ဆက် ဆုံတွေ့နိုင်ပါစေ။ ။

# " မအိုသေးသော ဒို့စာသင်ကျောင်း "

* တပည့်အပေါင်းတို့ . . .၊

"ယခု" မင်းတို့စာသင်ကျောင်းသည် . . .၊

သားစဉ် မြေးဆက် ထမ်းရွက်သွားဖို့

ဘယ်သောအခါမျှ ငါမအိုဘူး

ဘယ်သောအခါမျှ ငါမဟောင်းဘူး

ဘယ်သောအခါမျှ ငါမပြောင်းဘူး

ဘယ်သောအခါမျှ ငါမပျက်ဘူး

ဘယ့်တွက်ဆိုဘိ မေးစရာရှိ၏၊

ငါသည် နိုင်ငံ့သားကောင်း

မျိုးဆက်အပေါင်းကို

ဆက်လက်မွေးထုတ် ပေးရချေဦးမည်၊

မင်းတို့နောင်ရေး ဒို့နိုင်ငံအရေး

ရည်မျှော်တွေးလို့ . . .၊

မအိုသောကျောင်း မင်းတို့ကျောင်းသည်

မပြောင်းမလဲ မဟောင်းသေးပဲ

ထာဝရနပျိုနေလျက်ပဲ၊

## " ဗဟုသုတ ရှာကြစို့ "

* အားလပ်ရက် အချိန်အခါ
နေ့ညမတွက်ပါ လူ့ဘဝခရီးမှာ ၊
"အမှောင်ခွင်း၍ အလင်းဆောင်နိုင်ရအောင်
"သုတ" ဆို ပန်းရနံ့ထူးကို
မွှေးထုံအောင်ကူး ၊ ။

## စာကြည့်တိုက်သို့ "လာခဲ့ပါ"

* ဖိတ်ခေါ်ပါတယ် . . .၊

ပညာရှာလို့ ဝယ်စရာမလို
ဖတ်စရာတွေရှိတယ် ၊
သုတရှာလို့ ဝယ်စရာမလို
ကြည့်စရာတွေရှိတယ် ၊
ရသရှာလို့ ဝယ်စရာမလို
ပျော်စရာတွေရှိတယ် . . .။
ဘယ်နေရာတွေမှာရှိသလဲ ၊
စိတ်အလိုလိုက် "ပြည့်သူတွေအကြိုက်"
နှစ်မြို့က်ပျော်ရာ "လူထုစာကြည့်တိုက်မှာ"။ ။

## "အခ" သုံးလုံးလုပ်အားရှင်များသို့

* ကိုလိုနီအမွေဆိုး
ချိုးဖျက်ဖို့ ဒို့တာဝန်
တာဝန်ကို ရင်ဝယ်ပိုက်လို့
ဒို့ပြည်မှာ ဒို့လုပ်အားနဲ့ရယ်
စာမတတ်သူ ဒို့ပိုင်းကူဖို့
ညီညာစွာ ဒို့ပြည်အရေးကို
ထမ်းရွက်စို့မနေး ။

* ကိုလိုနီ အမွေနစ်
ပိုက်ချစ်တဲ့ "မိဂျိုင်း" ရေ
စွန့်လွှတ်ပစ်တော့လေ "သမိုင်းကြောင်းဆိုးမွေ"
* ဆိုးမွေကိုချေဖျက်လို့
"စာမတတ်သူ ပပျောက်စေရအောင်"
"စာမတတ်သူ စာတတ်စေရအောင်"
ရည်ရွယ်ကာ ဒို့ပြည်အကျိုးကို
ပညာရှင်မောင်မယ်များတို့
သယ်ပိုးကြစို့လေး ။ ။

## "ငွေ အန္တရာယ် သတိထားဘွယ်"

* လောကမှာ "ငွေ" ဆိုပါလား
ငွေကိုအကြောင်းပြု
ကောင်းမှုပြုတာ ငွေဟာချစ်စရာ ၊
ငွေကိုအကြောင်းပြု
မကောင်းမှုပြုလာ ငွေဟာကြောက်စရာ ၊
ချစ်စရာ ကြောက်စရာ စရိုက်လက္ခဏာ
အဖြေရှာကြည့်တော့ "လူသာအဓိကပါ" ၊
လူကငွေမက် လောဘတက်၏ ၊
လောဘကလူဖျက် လူ့ဘဝပျက်၏ ၊
ဩော် . . . ၊ လူမပျက် ဘဝမပျက်ရအောင်
လောဘမတက် ငွေမမက်တာ "အကောင်းဆုံး" ၊ ။

## “သတိ စက်ခေါင်းတွဲ”

* မီးရထားခေါင်းတွဲ လိုရာဆွဲသည်
　　ခရီးသည်မပါ ကုန်ဗလာရာနဲ့
လိုရာခရီး ဆက်သည်ရှိသော်
　　ဘယ်မှာ အကျိုးရှိအုံ့နည်း၊
မီးရထားခေါင်းတွဲ လိုရာဆွဲသည်
　　ခရီးသည်ပေါပေါ ကုန်ဒလဟောနဲ့
ကုန်ရော လူပါ လိုရာရောက်အောင်
　　ပို့ဆောင်နိုင်မှ
မှရျအောင်ပွဲရမည်တည်း၊ ၊

"ဇာတိသွေး ပြကြမယ်"

* သန်လွန်းလို့သူထောင် -
မြန်လွန်းတဲ့ သူ့အပြေး၊
ဘယ်အဝေး ဘယ်နေရာ ဝေးပါစ
ပွဲတိုင်းမှာ "သူကျော်လို့"
သူနိုင်အောင်ပြေးခဲ့တယ်
ရွှေယုန်ရဲ့ဇာတိသွေး။ ။

" မြန်မာ့ဂုဏ်ဆောင်
အားကစားမောင်မယ်များသို့ "

မြန်မာ့အောင်သံ ဘဝဂ်ညံအောင်
ကြားယောင်ချင်သည်၊
*
မြန်မာ့အောင်လံ မိုးထက်ပျံအောင်
မြင်ယောင်ချင်သည်၊
မြန်မာ့အောင်ပွဲ မြိမ့်မြိမ့်သဲအောင်
* ဆင်နွှဲချင်သည်၊
မြန်မာ့ဂုဏ်ရောင် ကမ္ဘာကျော်အောင်
ထွန်းပြောင်စေချင်သည်၊
တို့များဆန္ဒ ပြည်သူ့ဆန္ဒ
ပြည့်ဝစေချင်သည်၊
*
မောင်တို့ မယ်တို့ "နိုင်ငံဂုဏ်ရောင်"
"မြန်မာ့ဂုဏ်ဆောင်" အောင်နိုင်ဖို့အရေး
ပွဲတိုင်းမှာ အောင်ပန်းဆင်ရအောင်
အားသွေးဆောင်ပါတော့လေး၊ ၊

## ကမ္ဘာလှည့်စရီးသည်နှင့် “စတူဒီသာ” မြန်မာ့အလှူပွဲ

* ကြည်နူးစရာ မြန်မာ့အလှူပွဲမှာ
ပျော်နေလိုက်တာ ခေါ်နေလိုက်တာ
ကြိုဆိုနေလိုက်ကြတာ
ပျူပျူငှာငှာ ရှိရှိသာသာ၊
ပေးနေလိုက်တာ ကျွေးနေလိုက်တာ
စားသောက်လိုက်ရတာ
စားသောက်ဖွယ်ရာ အဖြာဖြာ၊
ဝမ်းသာလိုက်ရတာ အံ့ဩလိုက်ရတာ
ထူးဆန်းလိုက်ရတာ အခါခါ
ဘာထူးလို့လဲ . . .၊
ငွေလည်းမပေးခဲ့ရလို့ ၊ ၊

## စွယ်စုံ စာကြည့်တိုက်

* ဒို့ရွာဦးက "စာကြည့်တိုက်" မှာ . . .၊

ဖတ်စရာတွေက ပေါလိုက်တာ
ဖတ်လို့ရယ်မကုန်ဘူး၊
ကြည့်စရာတွေကလည်း စုံလိုက်တာ
ကြည့်လို့ရယ် မကုန်ဘူး၊
မှတ်စရာတွေကလည်း များလိုက်တာ
မှတ်လို့ရယ်မကုန်ဘူး
"ဖတ်" "ကြည့်" "မှတ်" စရာတွေများရင်ဖြင့်
သုတတွေစုံ ရသတွေစုံလို့
"စာပေဂုဏ်မြင့် မျိုးဂုဏ်တင့်" အောင်
"သားတို့ သမီးတို့" ရေ
ပညာစုံအောင် ဆည်းပူးလိုက်ကြပါစို့ တို့များ။

" ဒို့ကျေးရွာ "

* ဒို့ကျေးရွာသို့ ... လူတကာလာ
ပျူငှာစွာ ကြိုဆိုမှာ
ဒို့ရွာက "မလေ့"၊

* ဒို့ကျေးရွာသို့ ... လူတကာလာ
ချက်ပြုတ်ခါ ကျွေးမွေးမှာ
ဒို့ရွာက "မမေ့"၊

* ဒို့ကျေးရွာသို့ ... လူတကာလာ
လူတကာပေါ်မှာ ...ကူညီမှာ
ဒို့ရွာက "စေတနာအပြည့်"၊ ၊

××× ××× ×××

"ဒို့ကျေးရွာ သန့်ရှင်းရေး
စုပေါင်းလုပ်အားပေး"

* စံပြလို့ အမည်ခေါ်
ဒို့ကျေးရွာ လမ်းပေါ်က
ပေါင်းမြက်တွေကိုသင်
ထွင်ပါကြ တစ်စုတစ်ဝေး ။
"မင်း"တို့လည်း တာဝန်ယူ
"သူ" တို့လည်း တာဝန်ယူ
"ငါ *" တို့လည်း တာဝန်ယူ
"မင်း" "သူ" "ငါ" အတူတွဲလို့၊ ဒို့ကျေးရွာ ဂုဏ်မညှိုး ရအောင်
ကြိုးစားလိုက်ကြစို့လေး ။ ။

××× ××× ×××

"စီးပွားဂုဏ်ဖြာ - စက်မှုလယ်ယာ"

* တစ်ဆက်တစ်စပ်
ပေါင်းစပ်တဲ့ ဒို့လယ်ယာ
ပြုပြင်စိုက်ဖို့ရာ၊
* စိုက်ကွင်းတွေပြင်
ထွင်ပါကြ တစ်စု တစ်ဝေး၊

* သီးနှံစုံအထွက်တိုးရအောင်
ခေတ်သစ်မှာ ခေတ်မီနည်းနဲ့
* စက်မှုလယ်ယာ ထူထောင်စိုက်မယ်
ဒို့ပြည်ထောင်စုနိုင်ငံမှာ
* "စီးပွားဂုဏ်" ဆောင်နိုင်ဖို့လေး။ ။

"ပွဲပြီးသာယာ ဒို့ကျေးရွာ"

* ဒို့ကျေးရွာ ဂုဏ်သိန်
လျှပ်မီးရောင်ရှိန် ရွာလုံးထိန်
ဘုံဝတီ ပမာလား၊

* ခေတ်မီမီနေထိုင်ရေးမှာ
ဆက်သွယ်စရာ "ဟမ်းဖုန်း"နဲ့
တောနှင့်မြို့မခြား ၊

* သီးနှံစုံစိုက်ပျိုး
သီးနှံတွေအထွက်တိုးလို့
ဝင်ငွေတွေက တိုးပွါး ၊

* ယနေ့အခါ ဖွံ့ဖြိုးသာယာ
ပျော်စရာ ဒို့ရွာ အဖြစ်ကို
"တ" ဖွဲ့လို့ကြွား ၊ ၊

" ဒို့ရွာက လူကြီး "

* အများအကျိုးကို ရည်မျှော်
ကိုယ်ကျိုးကို သူမမျှော် ။
ရွာပေါ်မှာ သူအလေးထား
ရွာရေးဆို သူမနေး
ရွာအေးချမ်းသာယာရေး ။
ကျေးရွာ လူမှု လုံခြုံမှု
သူအမြဲသတိပြု ။

စိတ်ထားရယ်ဖြူစင်

ထိုဂုဏ်အင်တွေရှိတဲ့လူကြီး၊
ဒို့ရွာမယ် "လူကြီးအရာ"ခံထိုက်တယ်
ရွေးလိုက်တော့ "ဒို့ရွာလူကြီး ။ ။

" ဝမ်းစာ "

* "ထနောင်းပျို" ပင်ယံတစ်ဝိုက်မှာ
သိုက်ဖွဲ့ဖို့ ချည်နှောင်
"စာညီနောင်" လုပ်အားပေး
သူတို့ဘဝနေရေး၊
တစ်နေ့တာ ကာလ
"စာညီနောင်" စားရေး ဘဝ
ဝမ်းဝဖို့ အစာရှာဖွေ
တစ်နေကွယ် အလင်းပြယ်ကာမှ
ဝမ်းဝရှာတယ်လေး ။ ။

" ဟာန် နှင့် မာန် "

* ပျိုးလေး ရိုက်တဲ့ ဒီဓါတ်ပုံ
ခင်လေးရိုက်တဲ့ ဒီဓါတ်ပုံ
"နီကွန်" ဆို ကင်မရာကြီးနဲ့
ရိုက်ခဲ့တဲ့ပုံ ။

ချေးမချိုပေါင်
စုဆောင်းတာ အကုန်သုံးလို့
ပုံကြီးဆို ကျပ်တစ်ထောင်နဲ့
ရွေးခဲ့ရ ဒီဓါတ်ပုံ

* မြန်မာဆန်ဆန် လှချင်လွန်းလို့
"ဗျာပါဆံ" ဆံစတောက်ထုံးရယ်နဲ့
ရွှေပါးမှာ သနပ်ခါး "ပါးကွက်ခံ"
နေရောင်မှာ"နေလောင်အက်" အံ့တုမယှဉ်ဟာန်
သဘာဝဟာန် သဘာဝမာန် ။ ။

## “ လမ်းတွေပေါက်ကြစို့
## တံတားတွေဆောက်ကြစို့ ”

* ရှေးရှေးအခါ ဒို့ကျေးရွာမှာ
တစ်ရွာမှတစ်မြို့
တစ်မြို့မှတစ်ရွာ
လာရာလမ်းတွေ မပေါက်တော့
လာရောက်ဖို့မနီး ။ ။

* ယနေ့အခါ ဖွံ့ဖြိုးသာယာ “ဒို့ကျေးရွာ” မှာ
တစ်ရွာမှ တစ်မြို့
တစ်မြို့မှ တစ်ရွာ
လာရာလမ်းတွေ ဖေါက်တော့
လာရောက်ဖို့နီး
ပျော်စရာ ခရီး ။ ။

## " ပိတောက်ပွင့်ချိန် "

* ပိတောက်ပျို ပင်ယံထက်မှာလှ
ပန်းပိတောက်တွေက ဝါဝါထိန်လို့ ဝေဝေစည်၊

ခက်လက်ရယ် စုံညီညီ
တန်ရှူးလခါရာသီအမှီ ၊

* အစီအရီ ပင်လုံးညီ ဖူးပွင့်စေရအောင်
မိုးဒေဝါရှင်နတ်မင်းက ၊
ရွှေမိုးညို ပတ်ခါချန်းတာမို့
ခါသကြံန်မိုး ရွာသွန်းဖြိုးလေတော့
ပြုံးလို့သာ ပျော်မိတယ်လေး ၊

* ပိတောက်ပွင့်တွေက တလှိုင်လှိုင်
ပန်းရနံ့တွေက သင်းပျံ့တကြိုင်ကြိုင်၊
ချူချင်သူပေါ်လာ မနေးရအောင်
ပန်ချင်သူ ချူကာပေးရအောင်
ပိတောက်ရနံ့က သင်းတပျံ့ပျံ့
မိုးလုံးထိပျံ့မွှေး ၊ ၊

## " မြို့ဈေးသို့တစ်ခေါက် "

* ဒို့နေရွာမယ်
ရှေးထုံးမပယ်ခဲ့လို့
ဈေးသုံးကမကြွယ်
"ရွှေးနီးစာ" ရခဲ့တယ် ၊
ယခုတော့ မြို့ခရီးအလည်
မြို့ဈေးမယ် ဈေးဝယ်ဖြစ်တော့
ဝယ်စရာတွေက ပေါလှတယ်
ဈေးနှုန်းကအနယ်နယ် ဈေးသုံးကခပ်ကြွယ်ကြွယ်

* ဒီတစ်သက်တာမယ် ...၊
"ရွှေးနီးစာ" အကုန် ဘယ်ခါမှမသုံး
မြို့ဈေးရောက်ခါမှ "ရွှေးနီးစာ" အကုန်လုံး
ဈေးသုံးကြွယ်လို့ဖြုန်း ၊

* ဩော် ... မြို့ခနေ နှင့် မြို့စား
တောနေ နှင့် တောစား
ကွာခြားလှတယ်၊
တို့များကွယ် တောနေစားမို့
ဒီလိုပုံ "မြို့ခနေစား" ကိုဖြင့်
ကြောက်ရွံ့လို့မဆုံး ၊ ၊

## " ခါးတမာဆို ချိုပါ့မလား "

* "အလို" ဟို တမာပင်ထက်က ...၊
"တမာရွက်နု" ခပ်စုစု နုသာထက်နု ၊
နုနုထွင့်ထွင့် ဒီအရွယ်
ငယ်လွန်း လှတယ်၊
ငယ်ပင်ငယ် ရသာမယ်
ခါးသက်ကယ် လွန်လွန်းလို့
ပြောလို့ကိုမဆုံး ။

* တမာရွက်ဆို ...၊
ခါးလွန်းတယ်တဲ့ဆို ၊
"ခါးတမာ" ချိုရှိန်ရောက်အောင်
"ကြီး" အခါကို စောင့်မျှော်ကာ တွေးကာပ
ဘယ်အရွယ် ဘယ်အချိန် ရောက်ခါမှ
"ခါးသက်"ရယ် ပျော်ပါလိမ့်မတုန်း၊ ၊

" ဇာတိဂုဏ်ရောင်၊ မြန်မာ့ဂုဏ်ဆောင်
မြနန်းစံကျော် ရွှေနန်းတော် "

* သာစွဌာနေ ၊ မန္တလာမြေက
မြန်မာ့ဂုဏ်ရောင် ၊ ဖော်ညွှန်းဆောင်သည့်
ရွှေရောင်ပြည့်လျှိုင်း ၊ လွှမ်းခြုံသိုင်းသည့်
သမိုင်းထင်ပေါ် ၊ "မြနန်းစံကျော် ရွှေနန်းတော်"

ရာဇဝင်သမိုင်း ၊ ထုတ်ချင့်နိုင်းက
မှန်းဆရည်မျှော် ၊ ရွှေနန်းတော်သည်
ရွှေဘုံ ရွှေနန်း ၊ ရွှေရည်လျှမ်းလို့၊
ကိုယ့်ထီး ကိုယ့်နန်း ၊ ကိုယ့်ကြွေးနှင့်
ကိုယ်မင်း ကိုယ်ချင်း ၊ ကိုယ့်သနင်းနှင့်
ရွှေနန်းအရှင် ၊ ဘုရင် မိဖုရား
ဆင်မြင်း ရထား ၊ မှူးမတ်များနှင့်
ရဲမက်ဗိုလ်သည် ဗိုလ်ပါ တည်၍
ဒို့တိုင်းဌာနီ "ရတနာပုံနေပြည်"

သာကီနွယ်ဘွား ဇာနည်သားဟု
ဇာတိဂုဏ်ရှိန် လွှမ်းခဲ့သည် ။

* "ဒို့ပြည်" အမွေအနှစ် ၊ ထုတ်စစ်နှိုင်းသော်
ရွှေထည် ငွေထည် ၊ ပိုးထည်သစ်ဆန်း
ကျွန်းသစ် ရေနံ ၊ ကျောက်သံပတ္တမြား
စိုက်ပျိုး သီးနှံ ၊ ဝပြောလျှံလို့
သယံ ဇာတ ၊ ပေါကြွယ်ဝလို့
စီးပွား လူမှု ၊ ဆက်သွယ်ပြုလို့
ငွေကြေး ဒင်္ဂါး ၊ တန်ဖိုးထားလို့
သွန်းလုပ် ခတ်နှိပ် ၊ ဒေါင်းတံဆိပ်နှင့်
ဒင်္ဂါး စက်ရုံ ၊ စက်မှု ဂုဏ်နှင့်
စက်မှု လက်မှု ၊ အခြေပြုလို့၊

နယ်ချဲ့ မျိုးယုတ် ၊ သုတ်သင် ထုတ်ဖို့
သေနတ် မီးပေါက် ၊ ပုံးအမြောက်နှင့်
ခေတ်မီ လက်နက် ၊ တီထွင်ခဲ့၍၊
လေးပြင် လေးမှန် ၊ တံတိုင်း ချုပ်ကာ
ထီးနန်း ပိုင်စိုး ၊ မြန်မာ မျိုးတို့
ရွှေရည် ဝင်းလက် ၊နန်းဆောင်ထက်ဝယ်
မြှူးလွင့် အောင်လံ ၊ ဒို့ပြည် "အလံ" သည်
ဂုဏ်ရည် မြင့်မား ၊ ဝင့်ကြွား ခဲ့ပေ
နန်းအောင်မြေ ။ ။

ရွှေဘုံ နန်းမြင့် ၊ ရွှေရည် ဝင့်လို့
အမျိုး ဘာသာ ၊ သာသနာနှင့်
စေတီ ပုထိုး ၊ ဂူအမျိုးမျိုးနှင့်
ရေတွင်း ရေကန် ၊ ရွှေကျောင်း ဇရပ်
အရပ်ရပ်တွင် ... ၊
ကုသိုလ်ကောင်းမှု ၊ ဒါန ပြုလို့
ကြည်ညို သဒ္ဓါ ၊ ပွဲတိုး စရာ
* "ဗုဒ္ဓသာသနာ" ၊ ရောင်ဝါဖြာလို့ လင်းခဲ့သည် ။

ခန့်ညားထည်ဝါ ၊ လက်မှုပညာ
ရှိုးရာ ပညာ ၊ ပန်းလက်ရာဖြင့်
မြတ်နိုး စရာ ၊ ဗိသုကာဖြင့်
လက်ရာထွေဆန်း ၊ ရွှေပြည်နန်းက
အံ့မခန်းပါဘိ ၊ "ရွှေနန်းဘုံမြင့် ရတနာပုံခေတ်" ။

ရွှေနန်း ဆောင်ဗွေ ၊ နန်းရဝေတွင်
ရွှေနားတော်သွင်း ၊ သံစောင်းညင်းနှင့်
နားဝင် ပီယံ ၊ ဘောလယ်သံဆန်း
ရတု ရကန် ၊ သီချင်းခံနှင့်
သီဆိုရင့်ကျူး ၊ ရှင်ကြည်နူးဖို့
ရှင်မြူးသာယာ ၊ မြူးကြွပန်တျာ
ဂီတပညာ ၊ အနုပညာ
စာပေအနု ၊ ယဉ်ကျေးမှုတို့
အခြေပြုလာ ၊ ငြိမ်းချမ်းသာယာ "နန်းမဟာ"

* ယနေ့မှုကား ၊ ရှေးမှုလိုပင်
ယိုယွင်းပျက်စီး ၊ "နန်းတော်ကြီး"ကို
ဒို့ပြည်လုပ်သား ၊ ဒို့စွမ်းအားဖြင့်
တည်ထားပြုပြင် ၊ နန်းမြို့ခွင့်ဝယ်
ပီပြင်ပေါ်ထွန်း ၊ အရှေ့ယွန်းက
"နေဝန်းပမာ" ၊ ရွှေရည်ဖြာခဲ့ ။

ပစွင်တံတိုင်း ၊ ကာရံပိုင်းလို့
သီတာရေလျှံ ၊ ပတ်ကာရံလို့
ကျုံးပန်းတင့် ၊ ဂုဏ်ရည်ဝင့်အောင်
"ဇာတိဂုဏ်ရောင် ၊ မြန်မာ့ဂုဏ်ဆောင်"
သီဟာဘုံဖွေ ၊ ရတနာပုံမြေမှ
"မြနန်းစံကျော် ၊ ရွှေနန်းတော်" ကို
ဂုဏ်ယူဖော်ကျူး လိုက်ပါသည် ။ ။



" တိုင်းကျိုးပြည်ကျိုး အမြဲသယ်ပိုးနေသော မြန်မာ့တပ်မတော် "

(၁)

ဒါဒို့ပြည်

* ဘိုးဘွားအမွေ ၊ ဒို့ဌာနေသည်
ရေမြေသဘာဝ ၊ တင့်တယ်လှတဲ့
သယံဇာတ ၊ ပေါကြွယ်ဝတဲ့
မျိုးရိုးမတိမ် ၊ ဂုဏ်မမှိန်တဲ့
ရှိန်ဝါကြီးမား ၊ မျိုးဂုဏ်အားနဲ့
ပြည်ထောင်စုသား ၊ သွေးစည်းအားနဲ့
ဘိုးဘွားစဉ်ဆက် ၊ မပျက်စဉ်လာ
စည်းလုံးနေတာ ၊ "ဒို့မျိုးမြန်မာ"
ခွန်ရှည်ဖွဲ့တည် ၊ ဒို့"မြန်မာပြည်" ။

(၂)
တပ်မတော်ရဲ့စေတနာ

* ယနေ့ ရှိန်ခါ ၊ ပြည်မြန်မာဝယ်
တက်နေ ပမာ ၊ ကျက်သရေဖြာလို့
နိုင်ငံ ဖွံ့ဖြိုး ၊ စီးပွါး တိုးလို့
သားချင်း ဆုံဆည်း ၊ “ရွှေလမ်းခရီး” သို့
ငြိမ်းချမ်း ခေတ်မီ ၊ “နိုင်ငံတော်သစ်” ဆီသို့
“ညီညွတ်မှု” အားပြု ၊ စည်းလုံးမှုဖြင့်၊
တက်လှမ်း နိုင်စေ ၊ အောင်နိုင်စေဟု
မွန်မြတ်စိတ်ထား ၊ မျိုးမာန်အားဖြင့်
အားမာန် ဝင့်ဝင့် ၊ ဂုဏ်ရှိန် တင့်ကာ
စီးပွါး လူမှု ၊ နိုင်ငံပြုဖို့
ဦးတည် “ဆယ့်နှစ်ရပ်” ၊ လုပ်ငန်းစဉ် “ခုနှစ်ရပ်”
ဖေါ်ဆောင် ချမှတ် ၊ လမ်းမှန်ပြလျက်
မပြတ် ရည်သန် ၊ “စေတနာမှန်” ဖြင့်
တိုင်းကျိုး ပြည်မှု ၊ ဦးဆောင်ပြုလို့
မြန်မာ့ ဂုဏ်ရောင် ၊ ဖေါ်ညွှန် ဆောင်မည့်
“သားကောင်း ဇာနည်” ၊ အောင်စစ်သည် သည်
ပြည်ကျိုးသယ်ပိုးထမ်းခဲ့တယ်။

## (၃)

## အမျိုးဘာသာ သာသနာပြု ကုသိုလ်အမှု

* မြန်ပြည် အနှံ့ ၊ သာသနာ ပြန့်လျက်
ဗုဒ္ဓ သာသနာ ၊ "နေလပမာ" ထွန်းလင်းဖြာလို့
သဒ္ဓါ တိုးပွား ၊ စေတနာ အားဖြင့်
ကျောင်းကန် ဘုရား ၊ ရေတွင်း ရေကန်
ဇရပ် တန်ဆောင်း ၊ စေတီအပေါင်းကို
တည်ထား ပြုပြင် ၊ သစ်သစ်လွင်ခဲ့
ထေရ်ကြီး ဝါကြီး ၊ ရဟန်း သံဃာ
ကြည်ညို သဒ္ဓါ ၊ ပွါးတိုး စေရာ
ပစ္စည်း လေးပါး ၊ ဒါန အားဖြင့်
ဒါယကာ ဘွဲ့ထူး ၊ အထူးထူးပြုလာ
ဘာသာအမှု ၊ သာသနာပြုလို့
အမျိုးဘာသာ ၊ သာသနာကို
ရောင်ဝါထွန်းလင်း စေခဲ့တယ် ။

## (၄)

## ဖွံ့ဖြိုးပါစေ မြန်မာပြည်
## သာယာပါစေ မြန်မာပြည်

* ကဏ္ဍ စုံလင် ၊ ဖွံ့ဖြိုး စည်ပင်
မြန်ပြည် တစ်ခွင် ၊ သာစေချင်လျက်
တောင်ပေါ် မြေပြန့် ၊ ခရီးဆန့်လျက်
လမ်းပျက် ပြင်ဆင် ၊ လမ်းသစ် ထွင်လျက်
ရွာတွေ့ လမ်းဖေါက် ၊ မြစ်တွေ့ တံတားဆောက်
စီမံ တည်ဆောက် ၊ ခရီးပေါက်ခါ
မြို့ရွာ နယ်စပ် ၊ ခရီးစပ်လို့
နယ်စပ် မြို့ရွာ ၊ ခရီးသာလို့
သွားလာ ဆက်သွယ် ၊ ခရီးလွယ်လို့
ကုန်သွယ်ရောင်းဝယ် ၊ စီးပွားကြွယ်လို့
ပြည်ထောင်စုသားတို့ ပျော်ကြတယ်။ ။

(၅)

မြန်မာ့လူနေမှု မြှင့်တင်ပြု

* နိုင်ငံတော်အနှံ့ ၊ မြေလပ်ဖော်ထုတ်
မြို့သစ်လုပ်၍ ...၊
အိမ်ရာ တည်ထား လွှန်စမ်းနားသည့်
မိုးထိ မြင့်မား ၊ တိုက်တာများနှင့်
ခေတ်မီ စံပြု ၊ လူနေမှုကို
မြှင့်တင်ပြုလို့ ...
အားသွန် ကြိုးပမ်း ၊ မြှင့်တင်လှမ်းလို့
ကမ္ဘာ့အဆင့်မီ တည်ခဲ့တယ်၊ ၊

(၆)

ဘက်စုံပွံ့ဖြိုးတိုးတက်ရေး ကြိုးစားပေး

* စက်မှု လက်မှု ၊ အခြေပြုလို့
စိုက်ပျိုး စွမ်းအား ၊ ပြည်ထွန်းကားအောင်
ခေတ်မီ စိုက်ပျိုး ၊ ဝင်ငွေတိုးအောင်
ဆည်မြောင်း ချောင်းကန် ၊ ရေပေါ်လျှံအောင်
မြေရိုင်း ဖော်ထုတ် ၊ မြေလွတ် မကျန်အောင်
ရာသီမရွေး ၊ စိုက်ပျိုးရေးဖြင့်

သီးနံ့ ထွေထွေ ၊ ပေါများစေဖို့
ဘက်စုံ ဖွံ့ဖြိုး ၊ စီးပွါးတိုးဖို့
ဈေးကွက် စီးပွါး ၊ ဖေါ်ဆောင်သွားဖို့
စားဝတ်နေမှု ၊ လုံအောင် ပြုဖို့
နေ့ည မနား ၊ ပြည့်စွမ်း အားဖြင့်
တည်ဆောက် ပြုပြင် ၊ ပြည်တစ်ခွင်ဝယ်
ပီပြင်အကျိုးပြုခဲ့တယ်။ ။

(၇)

စစ်ရေး စွမ်းရည်

* မြေပေါ် မြေအောက် ၊ အဖျက် အမှောင့်
"ပြည်သူ့" အန္တရာယ် ၊ ပြည့်ရန်စွယ်ကို
တရားသောစစ် ၊ ပြည်သူ့ စစ်ဖြင့်
အမြစ် မကျန် ၊ တွန်းလှန် တိုက်ခိုက်၊
အောင်ပွဲ အလီလီ ၊ ရှေ့သို့ ရှိလျက်
ပြည်ရွာ ငြိမ်းချမ်း ၊ များရွှင်လန်း၍
ရွှင်လန်းပီတိ ၊ ဝေခဲ့တယ်။

(၈)

စည်းရုံးရေး စွမ်းရည်

* ရှေးသမိုင်းမှသည် ၊ ယနေ့ဆီလျှင်
သားစဉ်မြေးဆက် ၊ လက်တွဲလျက်ညီ
"အမိ"မြန်မာပြည် ၊ တပ်မတော်သည်
တိုင်းရင်းသားအပေါင်း ၊ စုပေါင်းစုံညီ
ဖွဲ့တည်ခဲ့သည် ၊ ညီညွတ်ခဲ့သည်
စည်းလုံးခဲ့သည် ၊ သွေးစည်းခဲ့သည်
နယ်ချဲ့ရန်စွယ် ၊ အန္တရာယ်မှန်သမျှ
ဖြိုချက်တွန်းလှန် ၊ အောင်ပွဲခံ၍
အမှန်ပေါ်လွင် ၊ မျက်ဝါးထင်၍
အောင်မြင်မှု"သမိုင်း" ၊ နိုင်ငံ့သမိုင်းမှာ
သမိုင်းမော်ကွန်းတင်ခဲ့တယ် ။

(၉)

## အုပ်ချုပ်ရေးစွမ်းရည်

* အရေးကြုံလာ သွေးစည်းကာဖြင့်
ပြည်ထောင်စုရေး ၊ အမျိုးသားရေး
ဦးစားပေးလို့ ၊
ပြည်ကျိုး စီးပွါး ၊ အလေးထားလို့
အခါမလပ် ၊ သတိချပ်လျက်
ပြည်ပ အားကိုး ၊ "ပုဆိန်ရိုး"နှင့်
"မျိုးဖျက်" အန္တရာယ် ၊ ပြည့်ရန်စွယ်ကို
သုတ်သင် ဖယ်ရှား ၊ ချေမှုန်းသွားဖို့
အသက်သွေးချွေး ၊ စဉ်မနေးပင်
ပေးဆပ်နေမှာ ၊ "တပ်မတော်" ပါ၊
စွဲမြဲအသိ ၊ စွဲမြဲ သတိ
စွဲမြဲ သစ္စာ ၊ ခိုင်မြဲ အဓိဋ္ဌာန်
"ဆယ်ပါး" အားမာန် ၊ ကျင့်ဝတ် မှန်ဖြင့်
နိုင်ငံ တာဝန် ၊ ပြည်သူ့ဝန်ကို
တာဝန်ထမ်းဆောင်ကျေခဲ့တယ်၊

(၁၀)

ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်
စောင့်ရှောက်သွားမည့် တပ်မတော်

* "ပြည်မြန်မာ" နောင်ရေး ရည်မျှော်တွေး၍
ဉာဏ်မြော်ကြီးမား ၊ လုံ့လအားဖြင့်
"ပြည်ထောင်စုအရေး ၊ စည်းလုံးရေး" နှင့်
"အချုပ်အခြာ" ၊ "ပြည့်အာဏာ" ကို
ခွန့်ရှည် ကြာအောင် ၊ လက်ကမ်း ဆောင်ဖို့
အရေး "သုံးပါး" ၊ ဦးထိပ်ထားလျက် ၊
ဘယ်သူခွဲခွဲ ၊ ဒို့မကွဲနဲ့
ဘယ်သူ ခြောက်ခြောက် ၊ ဒို့ မကြောက်နဲ့
ဘယ်သူမြှောက်မြှောက် ၊ ဒို့ မမြောက်နဲ့
ဘေးပြောမယုံ ၊ သွေးပြောယုံဟု
ကိုယ်ကျိုး မဇက် ၊ ပြည်ကျိုး အတွက်ကို
ဖေါ်ထုတ် မြွက်ဟ ၊ လမ်းညွှန်ပြလျက်
စွမ်းရည် သုံးထွေ ၊ ထက်မြက်နေ၍
"ခေတ်မီ" နိုင်ငံသစ်ဆီ ၊ မျှော်မှန်းရည်၍
လက်တွဲ ညီညီ ၊ တက်လှမ်းရှိကြပါစို့ ။

# " ကွာဟခြင်းမှ ညီမျှခြင်းဆီသို့ "

* လူ့လောကမှာ
ဆင်းရဲချမ်းသာ ခံစားမှုဟာ
လူ့လောက ဓမ္မပါ။
ဆင်းရဲခြင်းဆိုတာ ၊ ဝမ်းနည်းစရာ
"အခြင်းအရာ"
ချမ်းသာခြင်းဆိုတာ ၊ ဝမ်းသာစရာ
"အခြင်းအရာ" ၊ ခံစားခဲ့မိတာ ။

* ဝမ်းနည်းစရာ ၊ ဝမ်းသာစရာ
အကြောင်းရှာတော့ ...၊
ဆင်းရဲ ချမ်းသာ "ကွာဟမှု" တွေ အကြောင်းခံခဲ့လာ ၊
"ကွာဟမှု" ကို တွက်စစ်တော့ ...၊
"ဆင်းရဲမှုတွေ" လျော့ချဖို့ဟာ
"ချမ်းသာမှုတွေသာ ဝေမျှခဲ့ရင်
"ကွါဟခြင်း" တွေ ပျောက်လို့
"ညီမျှခြင်း"တွေ ရောက်တော့မယ်။ ။

## " ခက်တယ် "

* လူ့လောကမှာ ၊ "ကောင်းတာ နှင့် ဆိုးတာ"
နှိုင်းယှဉ်ကာ ပြရလျှင် ၊ ကောင်းတာက ခက်တယ်၊

လူ့လောကမှာ ၊ "မိုက်တာ နှင့် လိမ္မာတာ"
နှိုင်းယှဉ်ကာပြရလျှင် ၊ လိမ္မာတာက ခက်တယ်၊

လူ့လောကမှာ ၊ "ညံ့တာ နှင့် တော်တာ"
နှိုင်းယှဉ်ကာ ပြရလျှင် ၊ "တော်တာက ခက်တယ်"၊

* လူ့လောကမှာ ၊ "ဆင်းရဲတာ နှင့် ချမ်းသာတာ"
နှိုင်းယှဉ်ကာ ပြရလျှင် ၊ "ချမ်းသာတာက ခက်တယ်"၊

လူ့လောကမှာ ၊ "မုန်းတာ နှင့် ချစ်တာ"
နှိုင်းယှဉ်ကာ ပြရလျှင် ၊ "ချစ်တာက ခက်တယ်"၊

လူ့လောကမှာ ၊ "သိတတ်တာ နှင့် မသိတတ်တာ
နှိုင်းယှဉ်ကာ ပြရလျှင် ၊ "သိတတ်တာက ခက်တယ်"၊

* လူ့လောကမှာ ၊ "သိတာ နှင့် မသိတာ"
နှိုင်းယှဉ်ကာ ပြရလျှင် ၊ "မသိတာက
ခက်တယ်"။
သိတာက လွယ်မယ် ၊
× လူ့လောကဝယ် ...
ခက် တယ် မရှိ ၊
လွယ်လွယ်သိအောင်
ရှက်ဆောင်ကြိုးစားကြရပေဦးမည်။ ၊



" နှိုးဆော်လိုက်ပါသည် "

ရလာ ခဏ ၊ ဤလူ့ဘဝဝယ်

ဘဝတစ်ခု ၊ ရှင်သန်မှုကို

စာနာမှုဖြင့် ၊ ကူညီသွားကြပါစို့ ။

" အမြတ်ဆုံး ဘဝ "

* ဘဝတွေထဲက ဘဝ

ဘယ်ဘဝဟာ အမြတ်ဆုံးလဲ

ဘဝတွေထဲက ဘဝ

"လူ့ဘဝ"ဟာ အမြတ်ဆုံးပဲ ။ ။



“ အရှည်ဆုံး ခရီး ”

* ခရီးတကာ ခရီး

ဘယ်ခရီးဟာ အရှည်ဆုံးလဲ

ခရီးတကာ ခရီး

“သံသရာခရီး” ဟာ အရှည်ဆုံးပဲ။ ။



## " အပူဆုံး မီး "

* မီးတကာ မီး

ဘယ်မီးတွေဟာ အပူဆုံးလဲ၊

မီးတကာ မီး

"ကိလေသာ မီး" တွေဟာ အပူဆုံးပဲ ။

" မျှော်လင့်ချက် ပြည့်ဝခြင်း "

* ယခင်ကတော့ "ငါ့" အတွက်

အခွင့်ရယ် မကြုံသာ

မရရှာဘီသေး ၊

ယခု/ယနေ့တော့ "ငါ့" အတွက်

အခွင့်ရယ် ကြုံလာမှတော့

ရခဲ့ပြီလေး ၊ ၊




"လွှန်းပျံ"

* မခေါ်ပဲနဲ့ ၊ သူလာခဲ့

ကြိုမလာပါနဲ့ ။

မနှင်ပဲနဲ့ ၊ သူပြန်သွားတော့

လွမ်းစရာပဲပေါ့ ။ ။



## "ရေ" ဂုဏ်ရည်

* ဆည်ကို အကြောင်းပြု ၊ "ဆည်ရေ" ဟုတွင်
"ဆည်ရေ အသွင် ၊ ဆည်ရေစင်
မြောင်းကို အကြောင်းပြု ၊ "မြောင်းရေ" ဟု တွင်
"မြောင်းရေ"အသွင် ၊ မြောင်းရေစင်
ကန်ကိုအကြောင်းပြု ၊ "ကန်ရေ" ဟု တွင်
"ကန်ရေ" အသွင် ၊ "ကန်ရေစင်"
ချောင်းကို အကြောင်းပြု ၊ "ချောင်းရေ" ဟု တွင်
"ချောင်းရေ" အသွင် ၊ ချောင်းရေစင်
ဆည် မြောင်း ကန် ချောင်း ၊ မျိုးမည်ပြောင်းလဲ
ပြောင်းလဲမရှိ "ရေဂုဏ်သတ္တိ" ။
အရောင်မရှိ ၊ အနံ့မရှိ
စင်ကြယ်ပကတိ
"ထာဝရ" ကြည်လင်အေးမြလှဘိတည်း၊ ။



" ညီညွတ်သော အာဆီယံ
စည်းလုံးသော အာဆီယံ "

* "အာရှ" ဒေါ်ဒေသတွင်းဆီက
"အာဆီယံ" ကြယ်ပွင့်ကလေးတွေ
ထွန်းတောက်လို့ ပေါ်လာပြီ ။

"ညီညွတ်" သော အားမာန်ရှိ
"စီးပွါး" နိုင်မာ စွမ်းအားတည်
"ငြိမ်းချမ်းသာတဲ့ ကမ္ဘာဆီ ။

ရှိန်ခါမိ တူစုံညီ
အလင်းဂုဏ်ဆောင်ရအောင် ။
ဒို့တစ်တွေ "စွမ်းအားစုံ" စုကာပေါင်းလို့
ညီညာစွာလင်းလိုက်ပါစို့လေး ။ ။



## " စေတနာရှင် ကမ္ဘာကြီး "

* လုံးဝိုင်းဝိုင်းလေး ၊ "ဒီကမ္ဘာ"
မျက်ဝန်းလုံ့ပြာပြာ ၊
စေတနာ ဘယ်ခါ သူမပျက်
အမြဲ စေတနာဝေဖြာလျက် ၊

* ရေမြေလေ တောတောင်
လောက သဘာဝတွေ စုပေါင်းကာ
"ကမ္ဘာကြီး"ဟု ခေါ်မည်လာ
ထူးခြားအံ့ဖွယ်ရာ ၊ "ထာဝရ"
"မွေ့ပျော်စရာ" တွေ သူပေးဆက်
ဒို့လူသားတို့အတွက် ၊ ၊

## ထန်းရည်အိုး

* ကျွန်တော်အတွက်တော့
မျှော်ကြည့်လိုက်ရင်
ကြင်ဖော်ရှိတယ်၊
ဘယ်နေရာမှာ ရှိသလဲ
"ထန်းပင်ပေါ်မှာ" ။ ။



## နားခိုခဏ လူ့ဘဝ

* သေဖေါ်ရှင်ဖေါ်
ခရီးဖေါ်တို့ …။
သေပေါင်း ရှင်ပေါင်း
လူ့အပေါင်းတို့ …။

* သေမကွာ ရှင်မကွာ
သေအတူ ရှင်မကွာ
ဆိုခဲ့ကြသော်လည်း …။

* ဘဝလည်းဟောင်း
လူလည်း ဟောင်းလို့
"မပြောင်းမဖြစ် မသွားမဖြစ်"
ဘဝသစ်သို့ …။
"သူတို့" အရင်သွားနှင့်ပြီ ။ ။
ငါတို့နောက်မှ လိုက်ခဲ့မည် ။ ။

## "ခွဲ" "မှတ်" ပါစေ ငယ်ကျွမ်းဆွေ


* ငယ်ကပညာ မသင်ရှာ
ကြီးခါ စက်မည်မှတ်။

* အိမ်ရာထောင်ထား အပျင်းပွါး
ဝမ်းခါး မလုံမှတ်။

* ရရစားစား ဥစ္စာပါး
နာဖျား စက်မည်မှတ်။

* ငွေထွက်ငွေဝင် စာရင်းတင်
ကုန်စင် သိအောင်မှတ်။

* အဝင်ကနည်း အထွက်ကများ
စီးပွါး မတင်မှတ်။
ချွေတာ သုံးစား စုဆောင်းသွား
အားထား ရမည်မှတ်။ ။



## "နေ" လိုစိတ် "လ" လိုစိတ် အမြဲပွါးများနိုင်ကြပါစေ

* ကမ္ဘာဦးမှသည် ၊ ယနေ့ဆီလျှင်
ကမ္ဘာတည်သရွေ့ ၊ ည နေ့စက်နာ
ရက်မြတ် ချိန်ခါ ၊ နာရီချိန်ကိုက်
အလင်းဆိုက်ဖို့ ...။
"နေ" "လ" နှစ်ပါး ရပ်နားမပြု
သူ့အမှုကို ၊ ဖိုးခ မယူ
* မငြီး မငြူ ၊ မရှု မဆဲ
မခွဲ မခြား ၊ မကြွား မဝါ
မမာ မမောက် ၊ မကြောက်မရွံ့
မဝန့် မတို ၊ မနို မကပ်
လူ့အလိုကျအောင် ထမ်းဆောင်တာဝန်ကျေလျက်၊



" နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်
ပြည်မြန်မာအကျိုးအတွက် "

* ကမ္ဘာအဟုန် ကျယ်သရွေ့
ပြည်မြန်မာဂုဏ် ကြွယ်စေရမည်
အမျိုးသားစိတ်တွေ အစဉ်နိုးကြားလို့
အားသွန်ကြိုးစားကြဖို့ အချိန်ရောက်ပြီ ။

* ဒို့တစ်တွေ ၊ စုကာပေါင်းလို့
"ထုံး" ကောင်းကိုရှာ ၊ နည်းကောင်းကိုယူ
ဖြူစင်တဲ့ နလုံးကို အမြဲမွေး၊
"ခေတ်မီ" နိုင်ငံတော်သစ် ထူထောင်ရေး
ဒို့များအားပေးကူညီလို့ တည်ဆောက်မည် ။ ။



" လူထု အားတွေ အများကြီးလိုသည် "

* မီးတွေလောင်နေတယ်
ဘယ်သူတွေငြိမ်းကြမလဲ
မီးသတ်တွေ ငြိမ်းလိမ့်မယ်၊
နယ်မီးသတ်အင်အားလေးနဲ့
"ချက်ချင်း" မငြိမ်းနိုင်။

* ရေတွေကြီးနေတယ်
ဘယ်သူတွေ ကယ်ကြမလဲ
"ကြက်ခြေနီ" တွေ ကယ်လိမ့်မယ်၊
နယ်ကြက်ခြေနီ အင်အားလေးနဲ့
"ချက်ခြင်း" မကယ်နိုင်။


* ဓါးပြတွေ တိုက်နေတယ်
ဘယ်သူတွေ ဖမ်းကြမလဲ
"ရဲ" တွေ ဖမ်းလိမ့်မယ်၊
နယ်ရဲ အင်အားလေးနဲ့
"ချက်ချင်းမဖမ်းနိုင်။

* အမှိုက်တွေ ၊ ရှုတ်နေတယ်
ဘယ်သူတွေ သိမ်းကြမလဲ
စည်ပင် လုပ်သားတွေ သိမ်းလိမ့်မယ်၊
နယ်စည်ပင်လုပ်သား အင်အားလေးနဲ့
ချက်ခြင်း မသိမ်းနိုင်

လမ်းတွေ ပျက်နေတယ်
* ဘယ်သူတွေ ပြင်ကြမလဲ
လမ်းလုပ်သားတွေ ပြင်လိမ့်မယ်၊
နယ်လမ်းလုပ်သား အင်အားလေးနဲ့
"ချက်ချင်း" ပြင်မပြီးနိုင် ။

အရေးကြုံလာ "ချက်ခြင်း" ဆောင်ရွက်နိုင်ရေးမှာ
* လူထု "အား" သာ အဓိကပါ။
နိုင်ငံတစ်ခု တည်ထောင်မှု
"ပြည်သူ လူထုအား" ကို အခြေပြု၊
ပြည်သူလူထု မဏ္ဍိုင်ပြုလို့
လူထု "အား" တွေ အများကြီးလိုသည် ။

တစ်ယောက်တစ်လက် လူထုလက်ဖြင့်
လူထု စွမ်းအား စုပေါင်း အားဖြင့်
* နိုင်ငံ့ အင်အား လူထုအားဖြင့်
"စုပေါင်းညီညာ" လူထုအားတွေ ပါဝင်လာပါမှ
လုပ်ငန်းနယ်အသီးသီး "ချက်ချင်း" အောင်မြင်လိမ့်အပြီး ။ ။



" မျိုးမပျက်ဖို့ ဒို့များတားဆီးကြစို့ "

* အို … တံငါသည် …၊

ရှောင်းငါး ၊ မြောင်းငါး

ပင်လယ်ငါးတွေကိုသာ

ရောင်းချင်ရင် ၊ ရောင်းလိုက်ပါ၊


ဖြူဖြူဖွေးဖွေး "ရေဆေးငါး" တွေကိုတော့

ပြည်ပကို ဘယ်တော့မှ ၊ မရောင်းလိုက်နဲ့၊

ချမ်းသာပေးလိုက်ပါ

အမျိုးပျက်မှာစိုးလို့ ၊ ၊

မောင်မွေးကြူ(တောင်ဇလပ်မြေ)



" ဆန်းသစ်စိတ် "

* ရွက်ဟောင်းတွေ ကြွေတော့
နွေရာသီ လတန်ရူး၊
ရွက်သစ်တွေ ဝေတော့
လေမုတ်သုန် မိုးအကူ၊
ပင်အို နှင့် ပင်ပျိုမှာ
ရွက်သစ်တွေ ဖြာဖြာဝေတော့
ဝေဖြာဆန်းသစ် စိတ်တွေကမြူး ။ ။

## " ဆု မမက်နဲ့ အမျိုးဂုဏ်ကိုမက် "

* မြန်မာ မလေးတွေ
မြန်မာ့ရိုးရာ မဖျက်နဲ့
"ဆု" မမက်နဲ့ ၊ အမျိုးဂုဏ်ကိုမက်
"ဆု" မက်ရင်
မြန်မာ့ရိုးရာ "ဆု" ဖျက်ခံရလိမ့်မယ် ။ ။



## * " ဘိုးဘွားအမွေ ထိန်းသိမ်းတတ်ပါစေ "

ဒီ့ခြံကြီးကိုကြည့် ...
"မင်း"သိလိမ့်မည် ၊
ဟိုမှာကြည့်စမ်း ၊ ဒီ့ အပင်တွေ
အသီးတွေလည်း ၊ သီးကုန်ပြီ
အပွင့်တွေလည်း ၊ ပွင့်ကုန်ပြီ
အရွက်တွေလည်း ၊ ဝေကုန်ပြီ
အခက်တွေလည်း ၊ ဖြာကုန်ပြီ
ပျော်စရာ ဒီ့ခြံကြီး ။
ဒီ့အတွက်တော့ ၊ ယနေ့
စားသုံး မကုန်ဖြစ်ရချေပြီ ။

ဟိုအပင်တွေကိုကြည့် ...
ဘယ်သူတွေ ၊ စိုက်ပျိုးသွားခဲ့သလဲ
"အဖိုး" စိုက်ပျိုးသွားခဲ့တယ်၊
ဒီအပင်တွေကိုကြည့် ...၊
ဘယ်သူတွေ စိုက်ပျိုးသွားခဲ့သလဲ
"အဖွါး" စိုက်ပျိုးသွားခဲ့တယ်၊

× × ×

* ဟိုအပင်တွေကို ၊ ဘယ်သူတွေပြုစုသွားခဲ့သလဲ
"အဖေ" ပြုစုသွားခဲ့တယ်၊
ဒီအပင်တွေကို ၊ ဘယ်သူတွေပြုစုသွားခဲ့သလဲ
"အမေ" ပြုစုသွားခဲ့တယ်၊
ဤခြံမြေမှာ ...၊
"မင်း" စိုက်ပျိုးခဲ့တာ "ဘာရှိသလဲ"
ဘာမျှမရှိ ၊
"ငါ" ပြုစုခဲ့တာ ... "ဘာရှိသလဲ"
ဘာမျှမရှိ ၊
"ဘိုးဘွားစဉ်ဆက် ... သားစဉ် မြေးဆက်"
"မပျက် ပြုစု" သွားရမှာ "မင်း" နှင့် "ငါ" သာ၊
"မင်း"လည်း မစိုက် ၊ "ငါလည်း မပြု
"မင်း"လည်း မထိန်း ၊ "ငါ" လည်း မသိမ်း
"မင်း" နှင့် "ငါ"သာ ၊ မပြုခဲ့ရင် ... ၊
မင်းတို့ခြံကြီး ... ငါ့ခြံကြီးသည်
တစ်နေ့ ၊ ပျက်စီးချေတော့မည်၊ ၊

## ဆည်းပူးလေ့လာ "နည်းပညာ"

(၁)

* ဒို့မှာ "ခါး" တွေရှိတယ်
"ခါး"ရေးပြမယ်
"ခါးရေး" ပြတာ ... လွယ်ပါတယ်
တကယ်ပြကြည့်တော့မလွယ် ။

(၂)

* ဒို့မှာ "လုံ" တွေရှိတယ်
"လုံ"ရေးပြမယ်
"လုံရေး" ပြတာ လွယ်ပါတယ်
တကယ်ပြကြည့်တော့မလွယ် ။

(၃)


* ဒို့မှာ "မြား" တွေရှိတယ်
"မြားရေး" ပြမယ်
"မြားရေး" ပြတာ လွယ်ပါတယ်
တကယ်ပြကြည့်တော့မလွယ် ။

(၄)

* ဒို့မှာ "မြင်း"တွေရှိတယ်
"မြင်းရေး" ပြမယ်
"မြင်းရေး" ပြတာ လွယ်ပါတယ်
တကယ်ပြကြည့်တော့မလွယ် ။

(၅)

* လူ့လောကဝယ် ၊ အပြောလွယ်သလောက်
"လက်တွေ့" ၊ အလုပ်ခက်လှတယ်
အခက်အခဲကြုံလာ ၊ လက်တွေ့ရာရာ
"နည်းပညာမသိ" ၊ "လွယ်သည်မရှိ"
နည်းပညာစုံသိအောင် ...
လေ့လာဆောင်ကြပါစို့ ။ ။



## "တစ်မိုး" ကို သူမျှော်

* ညိုမှောင်မှောင် ၊ နိုးမှင်အသွေးရယ်နဲ့

"ရွာ" မယောင် ၊ မိုးဆင်လို့မေးပြန်တော့

ပျိုးပင်ကလေးတွေက စိမ်းလဲ့လဲ့ကြည်၊

ချိန်ခါမီ ၊ ဝသာန်ရာသီ ။


* ဒို့လယ်တောဆီ မိုးရွာမှ ပျိုးတွေသာမည်

ပျိုးသာမှ စပါးတွေအောင်မည်၊

မိုးဒေဝါရယ် ...၊

"အုံ့" လို့သာ မနေလိုက်ပါနဲ့

ရွာချင်ရင် ဖြိုင်ဖြိုင်ရွာလိုက်ပါ "တစ်မိုး"၊ ။



" စေတနာ့ရှင် မျက်စိအထူးကု
ဆရာဝန်ကြီးများသို့ "

ကာမဂုဏ်စံရာ ၊ လူ့ခန္ဓာဟု
ကာမဂုဏ်အစ ၊ မျက်စိမှဟု
ဖေါ်ညွှန်းပြ၍ ...၊
မြင်စွမ်းအသိ ၊ အများမှာရှိလည်း
တို့များဘဝ ၊
အသိမစုံ ၊ ကံမကြုံလို့
မျက်မှုံဒုက္ခ ၊ နေခဲ့ရရှာ
တို့ဘဝတာ ။

ယနေ့မှုကား . . .၊

အားနွဲ့သူကို ၊ အားပေးကူ၍

ဘဝခြားသူ ၊ မြင်စေမှု၍

ဒုက္ခရောက်သူ ၊ ကယ်ဆယ်ယူ၍

မြင်သူစိတ်တွင်း ၊ "နေ" "လ" အဆင်းသို့

မျက်စိပသာဒ ၊ အကြည်ရအောင် ၊

စေတနာဆပွါး ၊ ဉာဏ်စွမ်းအားဖြင့်

အများကောင်းကျိုး ၊ ပြည်သူ့အကျိုးကို

ကိုယ်ကျိုးမမှု ၊ ကုသိုလ်ပြုခဲ့သော

တတ်ကျွမ်းအသိ ၊ ပညာရှိ မြတ်ဆရာအပေါင်းတို့အား

"ဂါရဝေါစ မင်္ဂလာ" ဖြင့်

အစဉ်လေးစား ဂုဏ်ပြု လိုက်ပါ သည်၊ ။

## “ ဒို့ နိုင်ငံတော် ”

*　　ကမ္ဘာပေါ်မှာ …၊

“လွတ်လပ်တဲ့ အချုပ်အခြာနိုင်ငံ”ဟု အမည်ကျော်

ဒို့ “ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ”

*　　ထူးခြားမော်ကြွားစရာ “ဂုဏ်ဒြပ်” တွေရှိ

ဒို့ မြန်မာနိုင်ငံသမိုင်းကိုကြည့် ၊ ၊

" ဒို့ နိုင်ငံလွတ်လပ်ရေးကြီးကို
အမြဲကာကွယ်စောင့်ရှောက်ကြ"

* ဒို့နိုင်ငံ... "ထာဝရ" လွတ်လပ်ချင်ရင်
"ထာဝရ" လွတ်လပ်ရေးကို ထိန်းသိမ်း၊
အထိန်းမရှိ အကာမရှိ အစောင့်မရှိ
အသိမရှိ သတိမရှိ မဖြစ်စေနဲ့ ၊
မလုံမသိနဲ့ ပေါ့ပေါ့ဆဆနေခဲ့မိရင်
"လွတ်လပ်ရေးကြီး" ပလုံစိသွားမယ်
ကိုယ့်လူတို့ သတိ ၊
ရဲဘော်တို့ သတိ ၊
ပြည်သူတို့ သတိ ။ ။

## ဗျိုင်းခံတွင်းက သရက်ပင်ကြီး

အို အပင်လောက "သရက်ပင်အစ"
သင့်ဘဝဟာ
ဖူးခါမှာလည်း ကြွေ
ပွင့်ခါမှာလည်း ကြွေ
သီးခါမှာလည်း ကြွေ
ရင့်ခါမှာလည်း ကြွေ
မှည့်ခါမှာလည်း ကြွေ
မရေမရာ အကြွေခံဘဝ၊
အပင်လောက "အနတ္တ" မှ
အတ္တမပါ ကိုယ်ကျိုးမရှာ
တစ်နှစ်တစ်ခါ သီးပွင့်ရှာသည်
ရသာစွဲမက် လူသားတို့အတွက်
ဗျိုင်းခံတွင်းက "စိန်တစ်လုံးသရက်" ။ ။

"နိုင်ငံဂုဏ်ဆောင် မြန်မာ့အားကစားအပွဲ့သို့"

ဒို့မြန်မာနိုင်ငံ . . .။

အောင်ပွဲနှင့်အောင်သံ

ပြန်လည်ကြားယောင်ချင်သေး၊

နောင်တဖန် နိုင်ငံ့ဂုဏ်ဆောင်

အောင်ပွဲဆင် အနိုင်ရအောင်

"မြန်မာ့မာန်" အားသစ်နိုးလို့

ကြိုးစားလိုက်ကြစို့လေ။

၂၀၁၅ ခုနှစ် ၂၈ ကြိမ်မြောက် (စက်ကာပူ) ဆီးဂိမ်းကို ကြိုဆိုလျက်

## ပွဲပြိုးသာယာသော နိုင်ငံဆီသို့

ဒို့ကျေးရွာသားတွေကိုကြည့်
နားရက်မရှိ၊
ဘယ်အခါမျှမငြီး. . .၊
နွေမှာတစ်သီး မိုးမှာတစ်သီး ဆောင်းမှာတစ်သီး
"သုံးသီးစား" ဆိုတာ "ဒို့ကျေးရွာ"
အပြောမဟုတ် "လက်တွေ့" အလုပ်လုပ်လို့
မြေလပ်မထား စိုက်ပျိုးသွားမှာ "ဒို့ကျေးရွာ"
ခေတ်မီစိုက်ပျိုး "သီးနှံတွေ" အထွက်တိုးရင်
ဒို့ကျေးရွာတွေဖွံ့ဖြိုး "စီးပွားတွေ" တိုးရင်
ဒို့ပြည်ဖွံ့ဖြိုးသာယာနေပြီတကား၊ ၊

## လူသားအပေါင်းသို့

ရှိန်ခါမရွေး ဘယ်ခါမနေး
“ကုသိုလ်ရေး” ကိုရည်မျှော်
ပြုပါတော့လား။
မကောင်းမှုဆိုတဲ့
အကုသိုလ် ဒုစရိုက်ဆိုးကို
အမြဲရှောင်ရှားစို့တို့များ။ ။

## မိသားစုစိတ်ဓာတ်

ဒို့ပြည်ထောင်စု ပျော်စရာ
ရင်နှီးချစ်ကြည်စွာ
တာဝန်ကိုယ်စီ ဝေငှထမ်း
အေးတူပူမျှ မျှော်ရည်မှန်း ၊
ပန်းတိုင်အရောက် ဒို့ရည်မျှော်
ခေတ်မီတိုးတက် "နိုင်ငံတော်"
သွေးစည်းညီနောင် စဉ်မနေး
ကျရာတာဝန် ထမ်းဆောင်ပေး။
အရေးကြုံက လက်တွဲညီ
ဘေးရန်အပေါင်းကာကွယ်မည်
"မိသားစုစိတ်ဓာတ်" အခြေတည်လို့
"ထာဝရ" စည်းလုံးချစ်ခင်နေထိုင်စို့၊ ၊

## အလုပ်ဘယ်မှာရှားလို့လဲ

အလုပ်မရှားပါဘူး
　　အလုပ်ပေါသားပဲ
အလုပ်လုပ်ကြမလား။
　　ဘာအလုပ်လဲ. . .။
"ကမ္ဘာကြီး" ပြားသွားအောင်
　　ထုရမယ့်အလုပ်။ ။

## အမြဲအစဉ် သတိရှိကြပါ

နည်းယူရင် အစဉ်သတိမူရမှာက
နည်းယူမမှားဖို့ ၊
လမ်းပြရင် အစဉ်သတိမူရမှာက
လမ်းပြမမှားဖို့၊
လမ်းလျှောက်ရင် အစဉ်သတိမူရမှာက
လမ်းကျူးမမှားဖို့
အစားစုံရင် အစဉ်သတိမူရမှာက
အစားမမှားဖို့ ၊
ယာဉ်မောင်းရင် အစဉ်သတိမူရမှာက
ယာဉ်အန္တရာယ်အဖြစ်စေဖို့၊ ။

ကျွန်တော့်ရေးဖွဲ့ သီကုံးသော ကဗျာလက်ာများကို၊ ကဗျာစာပေကို ချစ်မြတ်နိုးကြသော စာဖတ်ပရိတ်သတ်ကြီးမှ ထာဝရနှစ်သက် မြတ်နိုးတန်ဖိုးထားလိမ့်မည်ဟု ...

မျှော်လင့်လျက်

*မောင်မွေးကြူ(တောင်ဇလပ်မြေ)*

## လောကီဂုဏ်နှစ်ဖြာ

* လူ့ဘုံဘဝ၊ ကြုံဆုံရစဉ်
ရင်မှနှစ်မြိုက်၊ မြတ်နိုးထိုက်သည့်
အမြိုက်ရတနာ၊ အဖြာဖြာတွင်
သေချာသဘော၊ ပြန်စောကြောသော်
လောကီလောကုတ် ၊ ရတနာထုပ်ကို
အဟုတ်ဆည်းပူး၊ ပူဇော်ထူးဖြင့်
ကြည်နူးသဒ္ဓါ တိုးစေမင်း။



* ဘုရား တရား သံဃာ လောကုတ္တရာ၏
သေချာအမြတ်ဆုံး၊ မှတ်လေအုံး (ဦး) လော့
ရတနာသုံးလီ၊ သရဏဂုံတည်၍
ယုံကြည်မြတ်နိုး၊ ဦးညွတ်ကျိုးကာ
ရှိခိုးသဒ္ဓါ ပွားစေမင်း။

* "ပညာ ဥစ္စာ" ၊ သေချာပေသည်
လောကီရတနာ၊ မှီခိုရာတည့်
လိုတာမရှိ၊ "တတ်သိပြည့်စုံ ပညာဂုဏ်"
ပူရာမရှိ၊ "ချမ်းသာပြည့်စုံ ဥစ္စာဂုဏ်"
"ပညာ ဥစ္စာ" ဂုဏ်နှစ်ဖြာကို
ကောင်းစွာပွားတိုး အောင်စေမင်း။ ။



# ဘဝဥယျာဉ်မှ ဘဝနီတိကဗျာများ

မောင်မွေးကြူ (တောင်ဇလပ်မြေ)